# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး
(၁၅)ရက်မြောက်နေ့**မှတ်တမ်း**

**၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်**

**( ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၆ ရက် )**

**[သောကြာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၁၅)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၂)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၀.၁၈)ရာခိုင်နှုန်းရှိပြီးတက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၁၅)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီအစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေးမတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသား

လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(၁၅)ရက်မြောက်နေ့ ၁၆-၆-၂၀၁၇ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးဂျေယောဂူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန်။ ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ လယ်ယာမြေစိစစ်ရေးကော်မတီအစည်းအဝေး တက်ရောက်ရန်။ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးမိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်ပခရီးစဉ်ရှိပါသဖြင့်။ ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ဆေးဝါးကုသမှုခံယူရန်။ ဦးဝင်းဇော်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် ဦးစိုင်းထွန်းအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၄)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၈)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ(၂၂)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၄)ဦး၊ယနေ့

ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၈)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ(၂၂)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာအမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့မေးခွန်းတွေကို မေးမြန်း ခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်လေးဦး မေးမြန်းမယ့် မေးခွန်းများဟာ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယ ဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ငါးလုပ်ငန်း ဦးစီးဌာနအနေဖြင့် ကမ်းဝေးငါးဖမ်း ရေယာဉ်များအား နိုင်ငံတကာစံနှုန်းများနှင့်အညီ VMS (Vessel Monitoring System) တပ်ဆင်ရန်အတွက် အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်၍ ဆောင်ရွက် ပေးရန်အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်း က ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ကမ်းဝေးငါးဖမ်း ရေယာဉ်များအား နိုင်ငံတကာ စံနှုန်းများနှင့်အညီ VMS (Vessel Monitoring System) တပ်ဆင်ရန်အတွက် အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်၍ ဆောင်ရွက် ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးနှင့် ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါ ဆိုပြီးတော့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဥက္ကာမင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်၏ မေးခွန်းအား Power Point ဖြင့် တင်ပြခွင့်ပြုပါရန်နှင့် အင်္ဂလိပ်စကားလုံး အနည်းငယ် သုံးစွဲခွင့်ပြုပါရန် လေးစားစွာ ခွင့်တောင်းခံအပ်ပါတယ်ခင်ဗျား။ ဒီနေ့ ကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ကမ်းဝေးငါးဖမ်းရေယာဉ်များအား နိုင်ငံတကာ စံချိန်စံနှုန်းများနှင့်အညီ VMS (Vessel Monitoring System) တပ်ဆင်ရန် အတွက် အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်၍ ဆောင်ရွက်နိုင်ရန် အစီအစဉ် ရှိ/မရှိ နှင့် ပတ်သက် ပြီးတော့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာ့ကမ်းရိုးတန်းအရှည်ဟာ မိုင်ပေါင်း(၁၇၆၀)မိုင် ရှည်လျားပြီးတော့ ကီလိုမီတာအားဖြင့် (၃၈၃၂)ကီလိုမီတာ ရှိပါတယ်။ ၂၀၁၆-၂၀၁၇ စာရင်းအရ ကမ်းနီးငါးဖမ်းလှေစင်းဟာ (၂၆၄၁၄)စင်းဖြစ်ပြီးတော့ ကမ်းဝေးငါးဖမ်းလှေ အစင်းဟာ (၃၀၃၀)စင်း ရှိပါတယ်။ ကမ်းနီးငါးဖမ်းလှေမှရရှိတဲ့ အခွန်ငွေကတော့(၂၈၈.၀၇၉)ကျပ်သန်း ဖြစ်ပြီးတော့ ကမ်းဝေးငါးဖမ်းလှေမှရရှိတဲ့ အခွန်ငွေကတော့ (၁၂၃၀.၉၉၈)ကျပ်သန်း ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ဒီငါးလုပ်ငန်းဦးစီးဌာနက ရရှိတဲ့ ကိုးကားရတဲ့ ကျွန်တော်တို့ အချက်အလက် တွေဖြစ်ပါတယ်။ တကယ့်တကယ် အမှန်တကယ်ကတော့ မြေပြင်မှာ ကျွန်တော်တို့ ကမ်းဝေးငါးဖမ်း လှေရော၊ ကမ်းနီးငါးဖမ်းလှေရောဟာ ဒီထက်မကရှိတာကို ကျွန်တော်တို့ ကြုံတွေ့ရ၊ သိရှိရပါတယ်။ ဒါကတော့ ကျွန်တော်ပြတဲ့ပုံမှာတော့ ကျွန်တော်တို့ တနင်္သာရီတိုင်း၊ မြိတ်မြို့ရဲ့ အရှေ့မှာ ကျွန်တော်တို့ ဆိုက်ကပ်ထားတဲ့ ကမ်းဝေးငါးဖမ်းရေယာဉ်တွေရဲ့ပုံစံတွေ ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ကမ်းဝေးငါးဖမ်းရေယာဉ် ဆိုတဲ့နေရာမှာ ကျွန်တော်တို့ ပုံစံ(၃)မျိုးရှိပါတယ်။ တစ်မျိုးက ကျွန်တော်တို့ လုံး၀ လိုင်စင်မဲ့ပြီးတော့ နိုင်ငံခြား ငါးခိုးဖမ်းရေယာဉ်တွေ ရှိပါတယ်။

နောက်တစ်ခုက ကျွန်တော်တို့က ကမ်းဝေးငါးဖမ်းလိုင်စင် ထုတ်ပေးထားတယ်။ ဒါပေမဲ့ ကမ်းနီးထဲမှာ ဝင်ရောက်ပြီးတော့ ဥပဒေမဲ့ကျူးလွန်ပြီး ငါးခိုးဖမ်းဖို့အတွက် ရှိတဲ့ရေယာဉ်တွေ ဖြစ်ပါတယ်။ ဒီမှာ ကျွန်တော် ပုံထဲမှာပြထားတာကတော့ ကမ်းဝေးငါးဖမ်းရေယာဉ်လိုင်စင် ကျထားပါ တယ်။ ဒါပေမဲ့ ကမ်းနီးထဲကိုတရားမဝင် ဥပဒေမဲ့ကျူးလွန်ပြီးတော့ ကျွန်တော်တို့ ခိုးဆွဲဖို့အတွက် လိုင်စင်ကျထားတဲ့ ဒီစက်လှေရဲ့ ရေယာဉ်နံပါတ်ကို ဖုံးအုပ်ပြီးတော့ ဆွဲဖို့အတွက် ပြင်ဆင်နေတဲ့ ငါးခိုးဖမ်းရေယာဉ်တစ်စီး ဖြစ်ပါတယ်။ ကျွန်တော်တို့က ဒါဆိုရင် ပင်လယ်ပြင်မှာရှိနေတဲ့ တရားဥပဒေမဲ့ ကျူးလွန်ပြီး ငါးဖမ်းနေတာ တွေ ဘယ်လို တားဆီးမလဲ။ အဲဒီတော့ တားဆီးမယ်ဆိုတဲ့နေရာမှာ ကျွန်တော်တို့ (၂)ပိုင်းရှိပါတယ်။ အဓိကအချက်က ကျွန်တော်တို့ ငါးလုပ်ငန်းဦးစီးဌာနကနေ အဓိကကိုင်တွယ်ပါတယ်။

ဒါပေမဲ့ ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့လည်း လက်ရှိမြေပြင်အခြေအနေအရ ဒီရေယာဉ်တွေဟာ၊ ငါးဖမ်းလှေတွေဟာ ကမ်းကမထွက်ခွာမီတစ်ချက် စစ်ဆေးနိုင်ပါတယ်။ ကမ်းကို ပြန်ဝင်လာတဲ့အချိန်မှာတစ်ချက် စစ်ဆေးနိုင်ပါတယ်။ အဲဒီတော့ ပင်လယ်ပြင်ထဲကိုရောက်ပြီး ငါးဖမ်းနေတဲ့အချိန်မှာ သူ့အတွက် ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ လိုက်ပြီးတော့ စစ်ဆေးနိုင်ဖို့အင်အား မရှိပါဘူး။ ဒါ အမှန်တကယ်အခြေအနေပါ။ အဲဒီတော့ အဲဒီလို မရှိတဲ့အနေအထားမှာ ကျွန်တော်တို့က ဘယ်သူ့ကို အကူအညီတောင်းရလဲဆိုတော့ ကျွန်တော်တို့ တပ်မတော်ကို ကျွန်တော်တို့ အကူအညီတောင်းရပါ တယ်။ အဲဒီတော့ တပ်မတော်မှာ တပ်မတော်ရေတပ်ဖွဲ့ ရှိပါတယ်။ ပြီးတော့ ကျွန်တော်တို့ ပင်လယ်ပြင် စိုးမိုးရေးတပ်ဖွဲ့တွေ ရှိပါတယ်။ ကျွန်တော်တို့ တနင်္သာရီတိုင်းမှာ ကျွန်တော်တို့ ပြောမယ်ဆိုရင် အဓိက ဒီ တပ်မတော်ကနေ တာဝန်ယူပြီးတော့ ပင်လယ်ပြင်ထဲမှာရှိတဲ့ ဥပဒေမဲ့ကျူးလွန်ပြီးတော့ ငါးခိုးဖမ်းနေတဲ့ကိစ္စတွေကို တာဝန်ယူ ဆောင်ရွက်ပေးပါတယ်။

ဒါပေမဲ့လည်း တပ်မတော်ရဲ့ အဓိကတာဝန်က နိုင်ငံတော်ရဲ့ လုံခြုံရေး၊ ကာကွယ်ရေးကို အဓိကထားပြီးတာဝန်ယူ ဆောင်ရွက်နေတာဖြစ်တဲ့အတွက် ကျွန်တော်တို့ ဒီပင်လယ်ပြင်မှာ ငါးခိုးဖမ်းမှုတွေကလည်း ဆက်လက်ပြီးတော့ တည်ရှိမြဲ၊ တည်ရှိဆဲ ဖြစ်ပါတယ်။ ဒါ ကျွန်တော်တို့ အမှန်တရားဖြစ်ပါတယ်။ အဲဒီတော့ ဒီနေရာမှာ ကျွန်တော်တို့က ဌာနအချင်းချင်း အပြစ်တင်နေမယ့်အစား ဒီကိစ္စတွေကို ဘယ်လိုဆောင်ရွက်သင့်သလဲဆိုတော့ ကျွန်တော်တို့က IT နည်းပညာနဲ့ ကျွန်တော်တို့ သုံးမယ်။ နိုင်ငံတကာမှာလည်း သုံးနေပါတယ်။ VMS System ကို ကျွန်တော်တို့ သုံးနေပါတယ်။ အဲဒီတော့ ငါးဖမ်းရင် VMS System ဆိုတာဘာလဲ။ ကျွန်တော်တို့က ငါးဖမ်းရေယာဉ်မှာ အဲဒီ အနီးစပ်ဆုံးပြောရမယ်ဆိုရင် GPS နဲ့တူပါတယ်။ ငါးဖမ်းရေယာဉ်မှာ ဒီ ကိရိယာတွေ ဒီစောင့်ကြည့် ကိရိယာတွေ တပ်ဆင်ထားခြင်းအားဖြင့် ဒီငါးဖမ်းရေယာဉ်ဟာ ရေမိုင် ဘယ်လောက်အတွင်းမှာ ငါးဖမ်းနေတယ်။ ဒီ ဥပဒေမဲ့ငါးဖမ်းနေတာ ဒီကနေ ကျွန်တော်တို့ဒီကနေ ကျွန်တော်တို့ကြည့်နိုင်ပါတယ်။ အဲဒီတော့ ဒီငါးဖမ်းရေယာဉ်ရဲ့ သတင်းအချက်အလက်တွေ Satellites ကိုပို့မယ်။ ဒီ Satellites ကနေတစ်ဆင့် စောင့်ကြည့်ထိန်းကျောင်းတဲ့ ဒီ အဆောက်အအုံကနေပြီးတော့ ကျွန်တော်တို့ ဒီ VMS System ကို ထိန်းကျောင်းလို့ ရပါတယ်။ အဲဒီတော့ ဒီကနေ ကျွန်တော်တို့ သတင်းအချက်အလက်တွေ ရရှိပါမယ်။ ကျွန်တော် အကြမ်းအားဖြင့် ရှင်းပြတာ ဖြစ်ပါတယ်။ အဲဒီတော့ VMS System ကို ဘာလို့တပ်ဆင် ထားသင့်လဲဆိုတာကို ကျွန်တော် ခုနကလည်း ပြောခဲ့ပြီးပါပြီ။


အဲဒီတော့ တရားမဝင်ငါးဖမ်းဆင်းသူတွေကို ကျွန်တော်တို့ ကာကွယ်ပေးနိုင်ဖို့ ဖြစ်ပါတယ်။ ကျွန်တော်တို့အောက်ခြေမှာ ကမ်းနီးရေလုပ်သားဆိုတာ ဆင်းရဲသားလူတန်းစား၊ အခြေခံလူတန်းစားတွေ လုပ်စားနေရတဲ့ လုပ်စားကွက် ဖြစ်ပါတယ်။ အဲဒီမှာ ကမ်းနီးမှာကမ်းဝေးတွေက ငါးလာဖမ်းနေတဲ့ဟာတွေ ပြီးတော့ ကျွန်တော်တို့ နိုင်ငံခြားငါးဖမ်းရေယာဉ်၊ တရားမဝင်ငါးဖမ်းရေယာဉ်တွေ ရှိပါတယ်။ အဲဒါတွေ ကျွန်တော်တို့ ကာကွယ်တားဆီးနိုင်ဖို့ ဖြစ်ပါတယ်။

(၂) အချက်က ကျွန်တော်တို့ ပင်လယ်ပြင်မှာရှိတဲ့ ရေလုပ်သားတွေရဲ့ အသက်အန္တရာယ် လုံခြုံရေးအတွက် အထောက်အကူ ဖြစ်စေပါတယ်။ ဒီ ကိရိယာတပ်ဆင်ခြင်းအားဖြင့် မိုးလေဝသကနေ

ပေးပို့တဲ့အချက်အလက်တွေကို ဒီကိရိယာကနေတစ်ဆင့် ကျွန်တော်တို့ ငါးဖမ်းလှေတွေကို ပို့ပေးနိုင်မှာ ဖြစ်ပါတယ်။

(၃) အချက်က နိုင်ငံတကာ စံချိန်စံညွှန်းနှင့်ညီညွှတ်စေရန် ဖြစ်ပါတယ်။ နိုင်ငံတကာမှာ EUStandard မှာပဲ ကျွန်တော်တို့ VMS System ကို တပ်ဆင်ဖို့ဆိုပြီးတော့ ကျွန်တော်တို့ တစ်ခု ပါပါတယ်။ အဲဒီတော့ နောက်တစ်ခုက ကျွန်တော်တို့မှာ ပြည်ပဈေးကွက်တင်ပို့မှု ခိုင်မာစေရန် ဆိုပြီးတော့ ရှိပါတယ်။ အဲဒီတော့ ဒီနေရာမှာ မေးစရာရှိတာက ဒီ VMS တပ်လိုက်တာနဲ့ ဘာဖြစ်လို့ ဈေးကွက်တင်ပို့မှုက ခိုင်မာစရာရှိသလဲဆိုတော့ ကျွန်တော်တို့ နိုင်ငံတကာစံချိန်စံညွှန်းအရ ဒီလို System ကို တပ်ဆင်ထားတဲ့ ငါးဖမ်းရေယာဉ်က ရရှိလာတဲ့ငါးတွေကို နိုင်ငံတကာကို ကျွန်တော်တို့ တင်ပို့လို့ရပါတယ်။ အဲဒီလိုမဟုတ်ဘူးဆိုရင် နိုင်ငံတကာက သူတို့နိုင်ငံကို ဝင်လာတဲ့ငါးတွေသည် တရားမဝင် ငါးခိုးဖမ်းလာတဲ့ငါးတွေလား၊ ဘယ်လိုမျိုး အလုပ်သမားတွေကို အဓမ္မစေခိုင်းပြီးမှ ရရှိလာတဲ့ ငါးတွေလား ဆိုပြီးတော့သတ်မှတ်တာဖြစ်တဲ့အတွက် ကျွန်တော်တို့က EU ဈေးကွက်တွေကို ကျွန်တော်တို့ ပို့လို့မရပါဘူး။ ဒါလေးတပ်ဆင်ထားခြင်းအားဖြင့် ကျွန်တော်တို့က နိုင်ငံတကာစံချိန်စံညွှန်း မီလာတဲ့အတွက် ပြည်ပဈေးကွက် တင်ပို့မှု ခိုင်မာလာစေဖို့ -------


မြန်မာ့ပင်လယ် ငါးဖမ်းလုပ်ငန်း ငါးဖမ်းကွက်ဧရိယာနှင့် မြန်မာ့ကမ်းရိုးတန်း အခြေပြမြေပုံ (၄)



ကမ်းဝေးငါးဖမ်းရေယာဉ်မှ ကမ်းနီးငါးဖမ်းကွက်ထဲသို့ ဝင်ရောက် ငါးခိုးဖမ်းရန်အတွက် ရေယာဉ်နံပါတ်အား မမြင်အောင် ပိတ်နေသော မြင်ကွင်းပုံ (၄-၁)




ကွန်ရက်ချိတ်ဆက် အလုပ်လုပ်ဆောင်ပုံ (၄-၂)



**တနင်္သာရီတိုင်းဒေသကြီး၊ ကရသူရိမြို့ သင်္ချိုင်းမြေ ပြန်လည်စွန့်လွှတ်ပေးရန် သို့မဟုတ် သင်္ချိုင်းမြေနေရာ အသစ် အမြန်ဆုံးဖော်ထုတ်သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း က တနင်္သာရီတိုင်းဒေသကြီး၊ ကရသူရိမြို့သင်္ချိုင်းမြေ ပြန်လည်စွန့်လွှတ်ပေးရန် သို့မဟုတ် သင်္ချိုင်းမြေ နေရာအသစ် အမြန်ဆုံး ဖော်ထုတ် သတ်မှတ်ပေးရန်အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးခင်မျိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မျိုးဝင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ကရသူရိမြို့သင်္ချိုင်းမြေ ပြန်လည်စွန့်လွှတ် ပေးရန် သို့မဟုတ် သင်္ချိုင်းမြေနေရာအသစ် အမြန်ဆုံး ဖော်ထုတ် သတ်မှတ်ပေးရန်အစီအစဉ် ရှိ/မရှိ မေးခွန်း ဖြစ်ပါတယ်။

ကရသူရိမြို့ဟာ လွန်ခဲ့တဲ့နှစ်ပေါင်း(၂၀၀)ခန့်ကပင် ကရသူရိကျေးရွာအဖြစ် တည်ရှိခဲ့ပြီး သင်္ချိုင်းလည်း ပါရှိခဲ့ပါတယ်။ သင်္ချိုင်းမှာလည်း သက်တမ်း(၂၀၀)ခန့်ရှိနေပြီး အကျယ်အဝန်းမှာ (၅)ဧက ကျော် ရှိပါတယ်။ လက်ရှိအသက်(၇၀)ခန့် ရှိတဲ့ မြို့သူ၊ မြို့သားများရဲ့ အဘိုးအဘွားများရဲ့ အုတ်ဂူဟောင်း များကိုလည်း ရှိနေတဲ့ အထောက်အထားအရ သက်တမ်းမှာ(၂၀၀)ခန့်ရှိကြောင်း သက်သေခံလျက် ရှိပါတယ်။ ရွာ၏ဓလေ့ထုံးစံအရ နှစ်စဉ်ပူဇော်ပွဲများလည်း ကျင်းပပြုလုပ်ပေးနေ ကြပါတယ်။ ၁၉၉၇ ခုနှစ်တွင် ကရသူရိကျေးရွာ၌ ခမရ(၅၅၅)တပ်ရင်း လာရောက်ဖွင့်လှစ်ရာ သင်္ချိုင်းမှာ တပ်သိမ်းမြေထဲမှာ ပါဝင်သွားခဲ့ပါတယ်။ ကရသူရိကျေးရွာမှာလည်း ကျေးရွာအဆင့်တွင် ရှိသဖြင့် သင်္ချိုင်းမြေမှာလည်း မြေစာရင်းမြေပုံထဲမှာ မရှိခဲ့ပါ။ မြေစာရင်းဌာနကလည်း မြေပြင်အခြေအနေ ကွင်းဆင်းစစ်ဆေးခြင်း မရှိတဲ့အတွက် မြေလွတ်၊ မြေရိုင်း သဘောမျိုးဖြင့် သိမ်းဆည်းသွားခဲ့ပါတယ်။ တပ်သိမ်းဆည်းမြေအဖြစ် ပါဝင်သော ၎င်းသင်္ချိုင်းမြေပေါ်တွင် မြေမြှုပ်ခြင်း၊ သင်္ဂြိုဟ်ခြင်းများကို ပြုလုပ်နေသည်ကိုလည်း ကန့်ကွက်ခဲ့ခြင်း မရှိခဲ့ပါ။ အခုအချိန်အထိလည်း ၎င်းမြေပေါ်တွင် အဆောက်အအုံ ဆောက်လုပ်ခဲ့ ခြင်းလည်း မရှိသေးပါ။ သိမ်းဆည်းစဉ်ကအတိုင်းသာ ရှိနေခဲ့ပါတယ်။

၂၀၀၄ ခုနှစ်တွင် ကရသူရိကျေးရွာအား ကရသူရိမြို့အဖြစ် ပြောင်းလဲတည်ထောင်ခဲ့ချိန် မှစ၍ သင်္ချိုင်းမြေနေရာအသစ် ရှာရန် မြို့နယ်ခွဲအုပ်ချုပ်ရေးမှူးကို တပ်ရင်းမှူးများမှ ပြောကြားခဲ့ ကြောင်း သိရှိရပါတယ်။ သို့သော်လည်း ကရသူရိမြို့ မတည်ထောင်မီကပင် ယုဇနဆီအုန်းကုမ္ပဏီမှ ရွာပတ်လည်ရှိ မြေအားလုံးကို ဆီအုန်းစိုက်ပျိုးပြီး ဖြစ်နေပါတယ်။ မြို့မြေဧက(၁၄၀၀)ကျော်တွင် တပ်မြေဧက(၁၀၀၀) ကျော်ယူထား၍ မြို့နေလူထုအတွက် ဧက(၃၀၀)ကျော်သာ ကျန်ရှိပါတယ်။

ထို့ကြောင့် ၂၀၁၄ ခုနှစ်တွင် မြို့လူထုမှ လက်မှတ်ထိုး၍ သင်္ချိုင်းမြေ ပြန်လည်ရရှိရေး တိုင်ကြားခဲ့သော်လည်း ရရှိခဲ့ခြင်းမရှိပါ။ သင်္ချိုင်းဟောင်းကိုလည်း ၂၀၁၅ ခုနှစ်တွင် တပ်ရင်းမှ ခြံကာ ခဲ့ပါတယ်။ ခြံကာထားသော်လည်း သင်္ချိုင်းတွင် ယခုအချိန်ထိ မြေမြှုပ်ခြင်း၊ သင်္ဂြိုဟ်ခြင်းများကို ပြုလုပ် နေရပါတယ်။ မြန်မာနိုင်ငံတွင်လည်း သင်္ချိုင်းမရှိသော မြို့တစ်မြို့ ပေါ်ပေါက်နေပါသည်။ မြို့တစ်မြို့၏ အင်္ဂါရပ်နှင့် ညီညွတ်ရန်လည်း သင်္ချိုင်းတစ်ခုရရှိရန်လိုအပ်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ယခုအချိန်အထိ အသုံးပြုနေသော သင်္ချိုင်းမြေကို ပြန်လည် စွန့်လွှတ်ပေးရန် သို့မဟုတ် သင်္ချိုင်းမြေနေရာအသစ် အမြန်ဆုံးဖော်ထုတ်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။

**မွန်ပြည်နယ်၊ သထုံမြို့နယ်၊ တောကြီး၊ သောင်ကြီး၊ ခနေကတိုက် ကျေးရွာများတွင် ပင်လယ်ရေငန်များ ဝင်ရောက်မှုကြောင့် မိုးစပါးစိုက်ခင်းများ နှစ်စဉ်ပျက်စီးဆုံးရှုံးနေမှုအပေါ် ယင်းကျေးရွာအုပ်စုရှိ စိုက်ပျိုးမြေများအတွက် ရေငန်တားတမံနှင့် ဆက်စပ်အဆောက်အအုံများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်က မွန်ပြည်နယ်၊ သထုံမြို့နယ်၊ တောကြီး၊ သောင်ကြီး၊ ခနေကတိုက်ကျေးရွာများတွင် ပင်လယ်ရေငန်များ ဝင်ရောက်မှုကြောင့် မိုးစပါးစိုက်ခင်းများ နှစ်စဉ်ပျက်စီးဆုံးရှုံးနေမှုအပေါ် ယင်းကျေးရွာအုပ်စုရှိ စိုက်ပျိုး မြေများအတွက် ရေငန်တားတမံနှင့် ဆက်စပ်အဆောက်အအုံများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်း လိုသော မေးခွန်းမှာတော့ သထုံမြို့နယ်၊ တောကြီး၊ သောင်ကြီး၊ ခနေကတိုက်ကျေးရွာများတွင် ပင်လယ် ရေငန်များ ဝင်ရောက်မှုကြောင့် မိုးစပါးစိုက်ခင်းများ နှစ်စဉ် ပျက်စီးဆုံးရှုံးနေမှုအပေါ် ထိုကျေးရွာ စိုက်ပျိုး မြေများအတွက် ရေငန်တားတမံနှင့် ဆက်စပ်အဆောက်အအုံများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်၏ မဲဆန္ဒနယ်သထုံမြို့သည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြင့် အဓိက အသက်မွေးဝမ်းကျောင်းပြုရသောမြို့ဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ စာရင်းဇယားများအရ လျာထား ဧက(၁၃၀၀၀၀)ကျော်ရှိကြောင်း တွေ့ရှိရပါတယ်။ တောကြီး၊ သောင်ကြီးနှင့် ခနေကတိုက်ကျေးရွာ များသည် သထုံမြို့၊ သုဝဏ္ဏဝတီမြို့သစ် ရန်ကုန်-မော်လမြိုင် ကားလမ်းမကြီး၏ အနောက်ဘက် (၁၀)မိုင်ခန့်အကွာတွင် တည်ရှိသောကွင်းရွာများ ဖြစ်ကြပါတယ်။ မြောက်ဘက်တွင် ဘီလင်းမြစ်၊

အနောက်ဘက်တွင် မုတ္တမပင်လယ်ကွေ့နှင့် ဆက်စပ်လျက်ရှိပါတယ်။ မြောက်ဘက်ရှိ ဘီလင်းမြစ်သည် ပင်လယ်နှင့်ဆက်စပ်နေပြီး ဒီရေအတက်အကျရှိသောမြစ်ဖြစ်ပါတယ်။ နှစ်ပေါင်းများစွာ သဲနုန်းပို့ချခဲ့မှုကြောင့် မြစ်ကြမ်းပြင် မြင့်တက်မှုများ ဖြစ်ပေါ်လျက်ရှိပါတယ်။ ယခုအခါ ဘီလင်းမြစ်တိမ်ကောမှု၊ ရာသီဥတု ဖောက်ပြန်လာမှုတို့ကြောင့် မြစ်အတွင်းသို့ ပင်လယ်ရေတက်၊ ရေကျသောအချိန်တွင် ရေငန်ဝင်ရောက်မှု များပြားလာခဲ့ပါတယ်။ ထိုကျေးရွာ(၃)ခုသည် သထုံမြို့နယ်၏ စပါးကျီတစ်ခု ဖြစ်ခဲ့ပြီး လူဦးရေ(၉၀)ရာခိုင်နှုန်းခန့်သည် ဆန်စပါးစိုက်ပျိုးခြင်း၊ ပဲပြောင်းသီးနှံများ စိုက်ပျိုးခြင်းတို့ကို အသက်မွေးဝမ်းကျောင်းပြုခဲ့ကြပါတယ်။ တောကြီးကျေးရွာသည် ယခင်က ဧက(၇၀၀၀)ကျော် စိုက်ပျိုးနိုင်ရာမှ ယခုအခါ ဧက(၄၀၀၀)ကျော်ခန့်၊ သောင်ကြီးကျေးရွာသည် ယခင်က ဧက(၅၀၀၀)ကျော် စိုက်ပျိုးနိုင်ရာမှ ယခုအခါ ဧက(၂၅၀၀)ခန့်၊ ခနုကတိုက်ကျေးရွာသည် ယခင်က ဧက(၄၃၀၀)ကျော် စိုက်ပျိုးနိုင်ရာမှ ယခုအခါ ဧက(၃၀၀၀)ကျော်သာ စိုက်ပျိုးနိုင်ကြောင်း သိရှိရပါတယ်။

ထိုသို့ စိုက်ပျိုးနိုင်သောစပါးပျိုးခင်းများမှာလည်း ယခုဆယ်စုနှစ်တွင် ရာသီဥတုဖောက်ပြန်မှုများကြောင့် မိုးစပါးစိုက်ပျိုးရာတွင် အခက်အခဲရှိလာခဲ့ပါတယ်။ ထို့ကြောင့်ဒေသခံ သက်တမ်းရင့်တောင်သူလယ်သမားများအနေဖြင့် မိမိတို့၏လယ်ယာများကို ရသည့်ဈေးဖြင့်ရောင်းပြီး နီးစပ်ရာ ဝင်ငွေမြင့်မားသည့် နိုင်ငံများသို့ ပြောင်းရွှေ့လုပ်ကိုင်နေကြသည်ကို ဝမ်းနည်းစွာတွေ့ရှိရပါတယ်။ ကွင်းဆင်းလေ့လာချက်များအရ ထိုကျေးရွာများတွင် ရေငန်တားတမံကို(၈)မိုင်ခန့် တည်ဆောက်ပေးရမည်ဖြစ်ပြီး ကမ်းပတ်တာတစ်လျှောက်ရှိ ရေနုတ်မြောင်းများ၊ သဘာဝချောင်းမြောင်းများပေါ်တွင် ရေထိန်းတံခါးများ၊ ရေထုတ်ပေါက်များကို မလွဲမသွေ တည်ဆောက်ပေးနိုင်ပါက နှစ်စဉ် ရေငန်ဝင်ရောက်မှုနှင့် ရေကြီးနစ်မြုပ်မှုများကို ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ သထုံမြို့နယ်၊ တောကြီး၊ သောင်ကြီး၊ ခနုကတိုက်ကျေးရွာများတွင် ပင်လယ်ရေငန်များ ဝင်ရောက်မှုကြောင့် မိုးစပါးစိုက်ခင်းများ နှစ်စဉ် ပျက်စီးဆုံးရှုံးနေမှုအပေါ် ထိုကျေးရွာအုပ်စုရှိ စိုက်ပျိုးမြေများအတွက် ရေငန်တားတမံနှင့် ဆက်စပ်အဆောက်အအုံများ ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်နှင့် ရသေ့တောင်မြို့နယ်အစပ်ဝန်းကျင်၌ Model စိုက်ပျိုး/မွေးမြူရေးဇုန်တစ်ခု တည်ထောင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ် က ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်နှင့် ရသေ့တောင်မြို့နယ် အစပ်ဝန်းကျင်၌ Model စိုက်ပျိုး/မွေးမြူရေးဇုန်တစ်ခု တည်ထောင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ နှုတ်ဆက်ရင်း ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ်

ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရခိုင်ပြည်နယ်ဟာ ဆန်စပါးတစ်ခုတည်းကို အဓိကထား ပြီးတော့ စိုက်ပျိုးတဲ့ဒေသဖြစ်ပါတယ်။ ဒီနှစ်ဟာ ဆန်စပါးဈေးကျ ပြီးတော့ ဈေးကွက်ပျောက်ပြီးတော့ လယ်သမားတွေ တော်တော်ဒုက္ခရောက်ခဲ့ရပါတယ်။ အဲဒါ ဘာကြောင့်လဲဆိုတော့ သီးနှံတစ်ခုတည်း ပေါ်မှာ အဓိကအမှီပြုပြီး စိုက်ပျိုးတဲ့အတွက် ရလာတဲ့ ရလဒ်ဆိုး ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်ရဲ့ အရန်စီးပွားရေးဖြစ်တဲ့ ရေလုပ်ငန်းဟာလည်း အခုအချိန်မှာ ကျဆင်းနေတဲ့ အတွက် အားကိုးလို့မရတော့ပါဘူး။ နောက် ရခိုင်ပြည်နယ်မှာ လျှပ်စစ်ဓာတ်အား ချို့တဲ့ တဲ့အတွက် စက်မှုလုပ်ငန်းတွေ ထူထောင်ဖို့ ဆိုတာကလည်း မဖြစ်နိုင်ပါဘူး။ ဒီတော့ကာ ဆောင်းသီးနှံ၊ ဥယျာဉ်ခြံမြေ စိုက်ပျိုးရေးနှင့် သား၊ ငါးမွေးမြူရေးကိုပဲ အဓိကဦးစားပေးပြီးတော့ အကောင်အထည်ဖော်ဖို့ ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြီးခဲ့တဲ့အစိုးရလက်ထက်မှာ ရသေ့တောင်မြို့နယ်နှင့် ပုဏ္ဏားကျွန်းမြို့ နယ်အစပ်မှာ စိုက်/မွေးဇုန်တစ်ခု အကောင်အထည်ဖော်ဖို့ အစီအစဉ်ရေးဆွဲခဲ့တာ ရှိပါတယ်။ အဲဒီ စိုက်/မွေးဇုန်မှာ မျိုးကောင်းမျိုးသန့်တွေ ဖြန့်ဝေပေးမယ်။ သင်တန်းနည်းစနစ်တွေ ပို့ချပေးမယ်။ အစာစပ် တာတွေ၊ သိုလှောင်မှုစနစ်တွေ သင်တန်းပေးပြီးတော့ လက်တွေ့အကောင်အထည်ဖော် လုပ်ဆောင်ဖို့ ကုန်ထုတ်လုပ်ဖို့ အစီအစဉ်တွေ ပါရှိပါတယ်။ ပြီးခဲ့တဲ့တစ်ပတ်က Myanmar Investment Forum မှာလည်း စီမံဘဏ္ဍာဝန်ကြီးက စိုက်ပျိုးမွေးမြူရေးကဏ္ဍကို တိုးမြှင့်ပေးမယ်။ ငွေအလိုရှိသလား၊ မြေအလို ရှိသလား၊ လယ်သမားတွေနှင့်လုပ်ငန်းရှင်တွေ ပူးပေါင်းပြီး လုပ်ဆောင်လို့ ရှိရင် နိုင်ငံတော်က ကူညီပံ့ပိုး ပေးမယ်ဆိုပြီးတော့ မြန်မာ့စီးပွားရေးကို လေယာဉ်လို ပျံတက်အောင် ဥပမာပေးပြီးတော့ ရှင်းပြသွား ခဲ့တာရှိတယ်။

ကျွန်တော်တို့ ရခိုင်ပြည်နယ်ကတော့ လေယာဉ်လောက်မလိုပါဘူး။ လောလောဆယ် နွေးကွေးနေတဲ့ နွားလှည်းကို ဟိုင်းလတ်ကားလောက်အဆင့် တင်ပေးနေရင် ရပါပြီ။ ဒီလိုအစိုးရက တိုက်ရိုက် Investment တွေ လုပ်ပေးမှ ဒီ စီးပွားရေးနိမ့်ကျနေတဲ့ ကျွန်တော်တို့ ရခိုင်ပြည်နယ်ရဲ့ လုံခြုံမှု ဘဝဟာ မြင့်တက်လာမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုစီမံကိန်းမျိုးကို ဒီကိုရီးယားနိုင်ငံမှာ SAEMUAL UNDONG စီမံကိန်း ဆိုပြီးတော့ ကျေးလက်ဖွံ့ဖြိုးရေးတော့ လုပ်ခဲ့တာရှိပါတယ်။ ထိုင်းနိုင်ငံတို့၊ ဂျပန်နိုင်ငံတို့မှာလည်း ဖွံ့ဖြိုးအစ အခြေအနေမျိုးမှာ ဒီလိုကျေးလက်ဖွံ့ဖြိုးရေးတော့ စိုက်ပျိုး၊ မွေးမြူရေးစီမံကိန်းတွေ စိုက်/မွေး ဇုန်တွေကို တည်ထောင်ပေးခဲ့တာရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရသေ့တောင်မြို့နယ်နဲ့ ပုဏ္ဏားကျွန်းမြို့နယ်ဟာ နယ်စပ်ဒေသ ဈေးကွက်နဲ့ မိုင်(၇၀)ပဲဝေးပါတယ်။ နောက်ပြီးတော့ အခု ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောလမ်းကိုလည်း အခု ဖောက်လုပ်နေပြီးတော့ ၂၀၁၉ မှာ ပြီးစီးမယ်လို့ သိရှိရပါတယ်။ မဟာဓာတ်အားလိုင်းကလည်း အခု ဓာတ်အားသွယ်လာတာမှာ ရသေ့တောင်မြို့နယ်အစပ် ပုဏ္ဏားကျွန်း မြို့နယ်အဆုံးအထိ ရောက်နေပါပြီ။ ဒီတော့ အခုလို အချိန်အခါသင့် အခြေအနေပေးတဲ့ ဒေသမှာ ဒီလို ကျေးလက်ဖွံ့ဖြိုးရေးကို အဓိကမြှင့်တင်ပေးတဲ့ စိုက်/မွေးဇုန်လို စီမံကိန်းမျိုးကို အကောင်အထည်ဖော် ပေးဖို့အတွက် အမျိုးသားလွှတ်တော်မှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။**　　။ မေးခွန်းများနှင့်ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၂။**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။**　　။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး အမှတ်(၈)မဲဆန္ဒနယ်က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဥက္ကာမင်း ရဲ့ မြန်မာ့ရေသယံဇာတငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာ စံနှုန်းများနှင့် အညီ စီမံအကောင်အထည်ဖော်သွားနိုင်ဖို့ မေးမြန်းတဲ့ ယခု မေးခွန်းအတွက် မိမိတို့ဝန်ကြီးဌာနအနေနှင့် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ဦးစွာတင်ပြလိုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး ညွှန်းဆိုမေးမြန်းတဲ့ ကမ်းဝေးငါးဖမ်းရေယာဉ်တွေမှာ တပ်ဆင်စေလိုတဲ့ VMS (Vessel Monitoring System)ဆိုတာ ပင်လယ်ပြင်အတွင်း မိုးလေဝသခန့်မှန်းမှု အခြေအနေကို ငါးဖမ်းရေယာဉ်တွေ ကြိုတင်သိပြီး မုန်တိုင်းအန္တရာယ်ကနေ ကာကွယ်နိုင်ဖို့ သတင်းအချက်အလက်တွေရပြီး တရားမဝင် ငါးဖမ်းရေယာဉ်များနှင့် လိုင်စင်မဲ့ငါးဖမ်းရေယာဉ်တွေကို ထောက်လှမ်းအရေးယူနိုင်ဖို့၊ ပင်လယ်ပြင်ကို စောင့်ကြပ်စစ်ဆေးခြင်းနှင့် ငါးသယံဇာတတိုးပွားစေရေးနှင့် ကမ်းဝေးငါးဖမ်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေး ပေါင်းစပ်ဆောင်ရွက်တဲ့ ငါးလုပ်ငန်းစောင့်ကြပ်စစ်ဆေးရေးစနစ် ဖြစ်ပါတယ်။

ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ ၂၀၁၂ ခုနှစ်ကစပြီး ကမ်းဝေးငါးဖမ်းရေယာဉ်တွေ ကမ်းနီးရေယာဉ်တွေကို ဝင်ရောက်ဖမ်းဆီးခြင်းအပါအဝင် တရားမဝင် ငါးဖမ်းဆီးမှုတွေကို တားဆီးကာကွယ်ဖို့အတွက် ကမ်းဝေးငါးဖမ်းရေယာဉ်များမှာ ငါးဖမ်းရေယာဉ်များ စောင့်ကြည့်ထိန်းချုပ်စနစ် VMS ကို တပ်ဆင်ဖို့ ကြိုးပမ်းခဲ့တာ ရှိပါတယ်။ အဲဒီလို ဆောင်ရွက်ရာမှာ ငါးလုပ်ငန်းဦးစီးဌာနက ပြည်တွင်းငါးဖမ်းရေယာဉ်(၄၇)စီးမှာ စမ်းသပ်တပ်ဆင်ပြီး Fishing Right စနစ်နှင့် Joint Venture စနစ်နှင့် ဆောင်ရွက်တဲ့ ပြည်ပငါးဖမ်းရေယာဉ်များအား VMS စနစ်တပ်ဆင်စေပြီးမှသာ ဆောင်ရွက်စေခြင်းကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။

၂၀၁၄ ခုနှစ်၊ မတ်လမှာ ငါးလုပ်ငန်းဦးစီးဌာနကနေပြီး ပြည်တွင်းငါးဖမ်းရေယာဉ်တွေမှာ VMS စနစ် တပ်ဆင်ဆောင်ရွက်နိုင်ဖို့အတွက် Myanmar Monitoring Control and Surveillance (MMCS) စီမံကိန်းကို ဝန်ကြီးဌာနနှင့် ပြင်သစ်နိုင်ငံက French Development Agency (AFD) တို့ပူးပေါင်း ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာ AFD ကနေ ငါးလုပ်ငန်းပညာရှင်တွေ မြန်မာနိုင်ငံကို လာရောက်ပြီး ကနဦးစမ်းသပ်ဖြစ်မြောက်နိုင်မှုအခြေအနေ (Feasibility Study) ပြုလုပ်ခဲ့ပါတယ်။

၂၀၁၅ ခုနှစ်၊ စက်တင်ဘာမှာ တင်ပြပါ MMCS စီမံကိန်းကို ဆောင်ရွက်ရာမှာ ဝန်ကြီးဌာနနဲ့ AFD တို့အကြား စီမံကိန်းသဘောတူညီချက် လက်မှတ်ရေးထိုးရာမှာ ဖော်ပြရမယ့် စီမံကိန်းလုပ်ငန်းများ၊ တာဝန်ဝတ္တရားများ၊ နည်းပညာပံ့ပိုးမှုနှင့် လွှဲပြောင်းမှုများ၊ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းတွေကို တိကျရှင်းလင်းစွာထည့်သွင်းဖော်ပြနိုင်ဖို့အတွက် Third party ပါတီဖြစ်တဲ့ F & S ကုမ္ပဏီကို AFD ကနေပြီးတော့ နိုင်ငံတကာ တင်ဒါစနစ်နဲ့ ခေါ်ယူဆောင်ရွက်ခဲ့ပါတယ်။

၂၀၁၇ ခုနှစ်၊ မတ်လမှ F & S ကုမ္ပဏီနဲ့ ငါးဦးစီးတို့ အတိုင်ပင်ခံလုပ်ငန်း ပဋိညာဉ်စာချုပ်လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါတယ်။ F & S ကုမ္ပဏီမှ ပညာရှင်(၂)ဦးကလည်းပဲ ၂၀၁၇ ခုနှစ်၊ မေလ ၂၁ ရက်နေ့ကနေ ဇွန်လ ၁၀ ရက်နေ့အထိ မြန်မာနိုင်ငံကို လာရောက်ပြီး ပထမအကြိမ် စီမံကိန်းဖြစ်နိုင်ခြေလေ့လာမှု (Feasibility Study) ကို ပြင်သစ်နိုင်ငံ AFD ရဲ့အထောက်အပံ့နှင့် ဆောင်ရွက်ပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

စီမံကိန်းဖြစ်မြောက်နိုင်မှု အခြေအနေ အစီရင်ခံစာရရှိခဲ့လို့ရှိရင် MMCS စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့အတွက် AFD ထံမှ ထောက်ပံ့ငွေရယူခြင်း သို့မဟုတ် သက်သာတဲ့ အတိုးနှုန်းနှင့် ချေးငွေရယူခြင်းစတဲ့ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များအပါအဝင် စီမံကိန်းလုပ်ငန်းတွေကို အသေးစိတ်ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ F & S ကုမ္ပဏီက ပြင်ဆင်ပေးမယ့် MMCS စီမံကိန်း သဘောတူညီမှုစာချွန်လွှာကို နှစ်ဦးနှစ်ဘက် လက်မှတ်ရေးထိုးပြီးလို့ရှိရင် နည်းပညာထိန်းချုပ်ရေးအခန်းများတည်ထောင်တဲ့ကိစ္စ၊ IT Software များတပ်ဆင်တဲ့ကိစ္စ၊ ဝန်ထမ်းတွေအတွက် စွမ်းရည်မြှင့်တင်ခြင်းသင်တန်းများ ပို့ချခြင်းကိစ္စရပ်တွေအတွက် အချိန်ကာလတစ်ခု ရယူဆောင်ရွက်သွားမှာ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်တဲ့အတွက် ပြည်တွင်းကမ်းဝေးငါးဖမ်းရေယာဉ်တွေမှာ VMS စနစ် တပ်ဆင်ခြင်းကို အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် စီမံလျက်ရှိပါကြောင်းနှင့် စီမံကိန်းအကောင်အထည်ဖော်တာနှင့် လိုအပ်တဲ့လုပ်ငန်းစဉ်တွေအတွက် ဆောင်ရွက်ရန်တွေကို ထုတ်ပြန်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းအား ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး အမှတ်(၁၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မျိုးဝင်း ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်းပြီး တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ကိုယ်စား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဖြေကြားပေးမည်ဖြစ်ပါကြောင်း ဦးစွာတင်ပြအပ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီး၏မေးခွန်းမှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရသူရိမြို့ သချိုင်းမြေ ပြန်လည်စွန့်လွှတ်ပေးဖို့ သို့မဟုတ် သချိုင်းမြေနေရာအသစ် အမြန်ဆုံးဖော်ထုတ်သတ်မှတ်ပေးဖို့ အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း ဖြစ်ပါတယ်။

တနင်္သာရီတိုင်းဒေသကြီး၊ ကရသူရိမြို့ သချိုင်းမြေ ပြန်လည်စွန့်လွှတ်ပေးနိုင်ဖို့အတွက် ကရသူရိမြို့မိ/မြို့ဖများက ကရသူရိမြို့၊ (၅၅၅)တပ်ရင်းကို တောင်းဆိုခဲ့ရာမှာ ကရသူရိမြို့ သုသာန်မြေ (၅)ဧကမြေနေရာဟာ တပ်ရင်းလုံခြုံရေးအရ စိုးမိုးတဲ့ နေရာဖြစ်ခြင်း၊ အိမ်ထောင်သည်လိုင်းခန်းနှင့်

အလှမ်းကွာဝေးမှုမရှိဘဲ ဆက်စပ်လျက်ရှိခြင်း၊ တပ်ရင်းပိုင်စိုက်ပျိုးထားတဲ့ ဥယျာဉ်ခြံမြေများမှ အောင်မြင်ဖြစ်ထွန်းလျက် ရှိနေတဲ့အတွက်ကြောင့် ပြန်လည်စွန့်လွှတ်ပေးရန်မသင့်ဟု သဘောထား ပြန်ကြားလာခဲ့ပါတယ်။

သို့ရာတွင် အဆိုပါသချိုင်းမြေနေရာမှာ ကွယ်လွန်သူများ မြေမြှုပ်သင်္ဂြိုဟ်ခြင်း၊ ဂူသွင်းခြင်း ပြုလုပ်နိုင်ရန်အတွက် အဝင်ပေါက်တစ်ခုကို ပြုလုပ်ထားရှိပေးထားပြီး နာရေးကိစ္စများ အဆင်ပြေစွာ ဆောင်ရွက်နိုင်ကြောင်း ဖြေကြားထားပါတယ်။ သင်္ချိုင်းမြေနေရာအသစ် ဖော်ထုတ်နိုင်ဖို့အတွက် သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့နှင့် မြို့မိမြို့ဖများ ပူးပေါင်းပြီး ယာယီမြေနေရာအသစ် ရွေးချယ်လျာထားခဲ့ကြပါတယ်။ ၎င်းလျာထားတဲ့ မြေနေရာဟာ မြို့နှင့် (၆)ဖာလုံခန့်ဝေးကွာပြီး ကွင်းအမှတ်(၂၄/OSS)၊ ကရသူရိကြေးတိုင်ပြင်ကွင်း အတွင်း ပါဝင်တဲ့ တောရိုင်းမြေ အမျိုးအစားဖြစ်ပြီးတော့ မြေဧရိယာ(၃)ဧကသာ ရှိတဲ့အတွက် သင်္ချိုင်းပြုလုပ်ရန် အနည်းဆုံး လိုအပ်တဲ့ အကျယ်အဝန်း(၅)ဧက ပြည့်မီခြင်းမရှိသည့် အတွက်ကြောင့် အခက်အခဲရှိကြောင်းလည်း ဖြေကြားထားပါတယ်။

တိုးချဲ့ရန် လိုအပ်တဲ့မြေနေရာဟာ အဏ္ဏဝါထွန်းဆီအုန်းကုမ္ပဏီကနေပြီး ၂၀၀၇ ခုနှစ်တွင် ဗဟို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးအဖွဲ့မှ နှစ်(၃၀)လုပ်ကိုင်ခွင့်ပြုထားတဲ့ မြေအတွင်း ပါဝင်လျက်ရှိပါတယ်။ ယင်းမြေနေရာမှာ လက်ရှိကုမ္ပဏီနှင့် ညှိနှိုင်းဆောင်ရွက်ပြီး ကုမ္ပဏီ၏ ခွင့်ပြုမိန့်ကျဧရိယာအတွင်းက (၅)ဧကခန့်ကို ထုတ်နုတ်ပေးမည်ဆိုပါက သင်္ချိုင်းနေရာအသစ်ကို ဖော်ထုတ်သတ်မှတ် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ကိုယ်စား ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဇော်လင်းထွဋ်ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် မွန်ပြည်နယ်အစိုးရအဖွဲ့ရဲ့ကိုယ်စား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဖြေကြားပေးမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းမှာ မွန်ပြည်နယ်၊ သထုံမြို့နယ် တောကြီး၊သောင်ကြီး၊ ခနေကတိုက်ကျေးရွာတွေမှာ ပင်လယ်ရေငန်များ ဝင်ရောက်မှုကြောင့် မိုးစပါးစိုက်ခင်းများ နှစ်စဉ် ပျက်စီးဆုံးရှုံးနေမှုအပေါ် ယင်းကျေးရွာအုပ်စုမှာရှိတဲ့ စိုက်ပျိုးမြေများအတွက် ရေငန်တားတမံနှင့် ဆက်စပ်အဆောက်အအုံများ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း ဖြစ်ပါတယ်။

မွန်ပြည်နယ်အစိုးရအဖွဲ့ရဲ့အနေနဲ့ သထုံမြို့နယ်၊ တောကြီး၊ သောင်ကြီး၊ ခနေကတိုက်ကျေးရွာတွေဟာ သုဝဏ္ဏဝတီမြို့သစ်မှာတည်ရှိပြီး ဘီလင်းမြစ်ရဲ့တောင်ဘက်မြစ်ရိုးတစ်လျှောက်တည်ရှိပါတယ်။ ၎င်းကျေးရွာအုပ်စုများအတွင်းမှာ ဘီလင်းမြစ်ကနေတစ်ဆင့် ပင်လယ်ရေငန်များ ဝင်ရောက်မှုကြောင့် မိုးစပါးစိုက်ခင်းများ နှစ်စဉ်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိပြီး ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ဖို့အတွက် ရေငန်တားတမံ တည်ဆောက်မည်ဆိုလျှင် ခန့်မှန်းအလျား(၁၂)မိုင်၊ ထိပ်ဝအကျယ်(၈)ပေ၊ အောက်ခြေအကျယ်(၂၂)ပေ၊ ပျမ်းမျှအမြင့်(၇)ပေခန့် တည်ဆောက်ရမှာဖြစ်ပြီး မြေကြီးကျင်း(၁၁၅၀၀၀) ဆောင်ရွက်

ရမှာဖြစ်ပါတယ်။ စက်ယန္တရားများအနေနဲ့ မြေတူးစက်(၆)စီး၊ မြေသယ်ယာဥ်(၁၀)စီး၊ မြေထိုးစက်(၃)စီးတို့ လိုအပ်မှာဖြစ်ပြီး အလုပ်လုပ်ချိန်ကာလဟာ ခန့်မှန်း(၅)လ ဖြစ်ကြောင်းသိရပါတယ်။ ရေငန်တားတမံ တည်ဆောက်ခြင်းဟာ မြေကြီးလုပ်ငန်းတစ်ခုတည်း ဆောင်ရွက်ဖို့ ခန့်မှန်းကုန်ကျငွေအနေနဲ့ ကျပ် (၅၆၀.၀၀)သန်း ကုန်ကျမှာဖြစ်ပါတယ်။

အဆိုပါ ရေငန်တားတမံ တည်ဆောက်ခြင်းလုပ်ငန်းအပြင် တာတမံနဲ့ ဆက်စပ်အဆောက်အအုံတွေ ဖြစ်တဲ့ ရေထုတ်ပြွန်၊ ရေပြွန်များကိုလည်း ထည့်သွင်းတည်ဆောက်သွားရမှာ ဖြစ်ပါတယ်။ ရေငန်တားတာတမံတစ်လျှောက် (၅ x ၃)ပေ အရွယ်အစားရှိတဲ့ ရေထုတ်ပေါက်(၈)ခုနဲ့ (၃)ပေ အချင်းရှိတဲ့ ကွန်ကရစ်ရေထုတ်ပြွန်(၈)ခုကိုလည်း ထည့်သွင်းတည်ဆောက်ရန် လိုအပ်မှာဖြစ်ပါတယ်။ ခန့်မှန်းကုန်ကျငွေ ကျပ်(၁၂၀)သန်းခန့် ကုန်ကျမှာဖြစ်တဲ့အတွက် အထက်ဖော်ပြပါ ရေငန်တား တာတမံနှင့် ဆက်စပ်အဆောက်အအုံများအတွက် စုစုပေါင်းခန့်မှန်းကုန်ကျငွေဟာ ကျပ်သန်းပေါင်း(၆၈၀)သန်း ကုန်ကျမှာ ဖြစ်ပါတယ်။

မွန်ပြည်နယ် ဆည်မြောင်းဦးစီးဌာနအနေနှင့် ဒီ လွှတ်တော် ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ သထုံမြို့နယ် တောကြီး၊ သောင်ကြီး၊ ဓနုကတိုက်ကျေးရွာများမှာ ပင်လယ်ရေငန်များ ဝင်ရောက်မှုကြောင့် မိုးစပါးစိုက်ခင်းများ နှစ်စဥ် ပျက်စီးဆုံးရှုံးနေမှုအပေါ် ယင်းကျေးရွာအုပ်စုရှိ စိုက်ပျိုးမြေများအတွက် ရေငန်တားတာတမံနှင့် ဆက်စပ်အဆောက်အအုံများ ဆောက်လုပ်ပေးခြင်းလုပ်ငန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်အစိုးရအဖွဲ့ မူလရန်ပုံငွေ လျာထားချက်မှာမပါတဲ့အတွက် ဆောင်ရွက်ရန် အစီအစဥ်မရှိသေးသော်လည်းပဲ ဒေသလိုအပ်ချက်နဲ့ အကျိုးပြုနိုင်မယ့် အနေအထား လျော်ညီခြင်း ရှိ/မရှိ အသေးစိတ်ထပ်မံ ကွင်းဆင်းလေ့လာသွားပြီး လိုအပ်ချက်နှင့်အညီ စီမံ ဆောင်ရွက်သွားနိုင်ရေး စိစစ်အကောင်အထည်ဖော်သွားမည်ဖြစ်ပါကြောင်း မွန်ပြည်နယ် အစိုးရအဖွဲ့၏ ဖြေကြားချက်အား ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရခိုင်ပြည်နယ် အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ် ရဲ့ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်နှင့် ရသေ့တောင်မြို့နယ်အစပ်ဝန်းကျင်မှာ Model စိုက်ပျိုး/မွေးမြူရေးဇုန် (Model Farm) တစ်ခုတည်ဆောက်ပေးဖို့ အစီအစဥ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဥ်းပြီး ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်မှာရှိတဲ့ ဒေသခံတိုင်းရင်းသားတွေရဲ့ လူမှုစီးပွားဘဝမြင့်မားဖို့အတွက် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူလယ်သမားများကို မျိုးကောင်းမျိုးသန့် သုံးစွဲမှုဖြင့် အရည်အသွေးမြင့်ထုတ်ကုန်များ တိုးတက်ထုတ်လုပ်ပြီး ဝင်ငွေတိုးလာစေရေးအတွက် သီးနှံအလိုက် မျိုးစေ့ထုတ်စိုက်ခင်းများ တည်ထောင်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်းမှာ မိုးစပါး၊ ဆောင်းမြေပဲ၊ မတ်ပဲ မျိုးစေ့ထုတ်စိုက်ခင်းတွေကို မြို့နယ်(၁၇)မြို့နယ်မှာ ဧက(၃၆၅)ဧက စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးခဲ့ပါတယ်။

ရာသီဥတုနဲ့ကိုက်ညီပြီး စျေးကွက်ရှိတဲ့ သီးနှံတွေကို အများအပြား စိုက်ပျိုးထုတ်လုပ်နိုင်ဖို့ ပြည်ပ၊ ပြည်နယ်ပြင်ပသို့ တင်ပို့နိုင်ရေးအတွက် သီးနှံအလိုက်ဇုန်များကိုလည်းပဲ တည်ထောင်ဆောင်ရွက်ပေးခဲ့ရာ မိုးစပါး၊ ဆောင်းမြေပဲ၊ မတ်ပဲဇုန်တွေကို မြို့နယ်(၁၇)မြို့နယ်မှာ ဧက(၆၀၀၀)ကျော် စိုက်ပျိုးဆောင်ရွက်နိုင်ရေးအတွက် အကောင်အထည်ဖော်ပေးခဲ့ပါတယ်။ ပြည်နယ်အတွင်း နှစ်ရှည်ရာဘာပင် ဧက(၃၅၀၀၀)ကျော် စိုက်ပျိုးထားမှုရှိပါတယ်။ လက်ရှိမှာ အစေးလှီး ဧက(၂၄၀၀)ကျော် ကနေ ရာဘာပေါင်(၁၂,၇၄၇၆၁)ပေါင် ထုတ်လုပ်နိုင်ပြီ ဖြစ်ပါတယ်။ အလားတူပဲ နှစ်ရှည် သီဟိုဠ် ဧက(၂၀၀၀၀)ကျော်စိုက်ပျိုးပြီးတော့ အသီးကောက် ဧက(၁၀၀၀၀)ခန့်ကနေပြီးတော့ သီဟိုဠ်အဆံ ပိဿာချိန် (၁၃၂၁၇၃၅)ပိဿာ ထုတ်လုပ်နိုင်ပြီ ဖြစ်ပါတယ်။

ယခုနှစ် ၂၀၁၇-၂၀၁၈ ကြံရာသီမှာလည်းပဲ ပြည်နယ်အတွင်း ကြံသီးနှံဧက (၁၃၀၀)ကျော်မှာ စံပြကွက်များစိုက်ပျိုးပြီး တောင်သူများအတွက် ပညာပေးသရုပ်ပြပွဲများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကြံမျိုးကောင်းမျိုးသန့်တွေကိုလည်းပဲ ဖြန့်ဖြူးဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အတူ တောင်သူလယ်သမားတွေ စိုက်ပျိုးလိုတဲ့ အရည်အသွေးနှင့် အထွက်နှုန်းကောင်းတဲ့ မျိုးစေ့တွေ ရရှိဖို့အတွက်လည်းပဲ ကူညီပံ့ပိုးပေးပြီးတော့ ရာသီဥတုနဲ့ကိုက်ညီတဲ့သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်တဲ့ နည်းစနစ်နဲ့ မျိုးစေ့ထုတ်တဲ့ နည်းစနစ်တွေကိုလည်း ပညာပေးဆောင်ရွက်ပေးလျက်ရှိပါတယ်။ တောင်သူတွေ ဝင်ငွေတိုးဖို့အတွက် ပြည်ပစျေးကွက်ရှိတဲ့ သီးနှံတွေဖြစ်တဲ့ စပါး၊ အစေ့ထုတ်ပြောင်း၊ ငရုတ်မျိုးစေ့များ ထုတ်လုပ်ပြီးတင်ပို့နိုင်ရေးအတွက်လည်းနည်းပညာများ အကူအညီပေးဆောင်ရွက်ပေးလျက်ရှိပါတယ်။

တစ်ဖက်မှာလည်းပဲ ရေကြီးနစ်မြုပ်မှုကြောင့် ဆားငန်ရေလွှမ်းမိုးမှုကို ခံစားနေရတဲ့ ဒီတောင်သူတွေအတွက် ဆားငန်ရေခံနိုင်ရည်ရှိတဲ့ မျိုးတွေကိုလည်းပဲ လက်ဝယ်အရောက် ဖြန့်ဖြူးပေးနေသလို နောက်ဆက်တွဲပြဿနာဖြစ်တဲ့ ပိုးမွှားနှင့်ရောဂါကျရောက်မှု ကြိုတင်ကာကွယ်နိုင်မှုအတွက်ကိုလည်းပဲ နှစ်စဉ် သတိပေးထုတ်ပြန်ပြီး အချိန်နှင့်တစ်ပြေးညီ စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်။

အလားတူ ရခိုင်ပြည်နယ်အတွင်းမှာ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ဖို့ စိုက်ပျိုးရေးသိပ္ပံ (ကျောက်တော်)ကိုလည်းပဲ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာ ၁၆ ရက်နေ့မှာ ဖွင့်လှစ်ပေးခဲ့ပါတယ်။ ပြည်နယ်ဖွံ့ဖြိုးရေးနဲ့ တစ်ဖက်မှာ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက်ကိုလည်းပဲ ပြီးခဲ့တဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ငွေကျပ်သန်း(၁၂၀)နဲ့ နွား(၁၂)ကောင်၊ ဝက်(၅၇၀)ကောင်၊ ဆိတ်(၂၃၀)ကောင်၊ ဘဲ(၁၀၀၀၀)ကောင် ဖြန့်ဖြူးပေးခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်အတွင်း ပြည်နယ်မှာ မွေးမြူရေးပညာပေးဟောပြောပွဲတွေ၊ တိရစ္ဆာန်မှ လူကို ကူးစက်တတ်တဲ့ ရောဂါများအကြောင်း ပညာပေးဟောပြောပွဲတွေနဲ့ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးမှုဆိုင်ရာ ကောင်းမွန်တဲ့ စီမံခန့်ခွဲမှုသင်တန်းများ၊ နို့စားနွား မွေးမြူထုတ်လုပ်ရေးနှင့် ဆိတ်မွေးမြူရေး စီမံခန့်ခွဲမှုသင်တန်းများကိုလည်း ဖွင့်လှစ်ပို့ချပေးနေပါတယ်။

သို့သော်လည်းပဲ ပုဏ္ဏားကျွန်းမြို့နယ်နှင့် ရသေ့တောင်မြို့နယ်အစပ်ဝန်းကျင်မှာ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသလို စိုက်ပျိုးမွေးမြူရေးဇုန် (Model Farm) တည်ထောင်ပေးဖို့အတွက် စိစစ်ခဲ့ရာမှာ Model Farm အဖြစ် သတ်မှတ်နိုင်ဖို့အတွက် ၎င်းတို့ရဲ့ အင်္ဂါရပ်များနှင့်ပြည့်စုံဖို့ လိုအပ်မှာ

ဖြစ်ကြောင်း စိစစ်ရရှိပါတယ်။ (က) ခေတ်မီ စိုက်ပျိုးမွေးမြူရေးနည်းပညာကို အသုံးပြုနိုင်မှု၊ (ခ) ရုပ်ပိုင်းဆိုင်ရာများ ပြည့်စုံကောင်းမွန်မှု (ရေ၊ ရေသွင်းရေထုတ်မြောင်းတွေ၊ ကုန်ထုတ်လမ်းတွေ၊ လျှပ်စစ်မီး၊ မြေမျက်နှာပြင် ညီညာမှုနဲ့ ခေတ်မီစက်ကိရိယာများ သုံးစွဲနိုင်မှု)၊ (ဂ) Model Farm မှာ ဆောင်ရွက်တဲ့ ဝန်ထမ်းတွေရဲ့ စွမ်းဆောင်ရည်မြင့်မားမှု (နည်းပညာပိုင်းဆိုင်ရာ နှံ့စပ်သူဖြစ်ပြီး ခေတ်မီစက်ကိရိယာများအား ကိုင်တွယ်သုံးစွဲနိုင်သူများဖြစ်ဖို့)၊ (ဃ) Model Farm မှထွက်ရှိတဲ့ထုတ်ကုန်တွေ အရည်အသွေးကောင်းမွန်မှုတို့ ရရှိမှာဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ Model Farm အတွက် လုပ်ငန်းများ ဆောင်ရွက်နိုင်ဖို့ Model Farm ရဲ့ အင်္ဂါရပ်နဲ့ပြည့်စုံအောင် စီမံဆောင်ရွက်ရမယ့် အထက်ပါ အင်္ဂါရပ်တွေနဲ့ အဓိကကျတဲ့ ရေချို အချိန်မရွေး လုံလောက်စွာရရှိဖို့ လိုအပ်ချက်များ ရှိနေတာဖြစ်တဲ့အတွက် ဦးစွာရေရရှိရေးကိစ္စ ဖြစ်မြောက်နိုင်စွမ်းအား စီစဥ်ရန်လိုအပ်မည်ဖြစ်ကြောင်း တင်ပြအပ်ပါ တယ်။

မိမိဝန်ကြီးဌာနအနေဖြင့်စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ အသိပညာပေးခြင်း၊ အခြေခံအဆောက်အအုံများ ကောင်းမွန်စေဖို့ ဆောင်ရွက်ပေးခြင်းနဲ့ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို အဓိကထားဆောင်ရွက်ပေးလျက်ရှိပါတယ်။ Model Farm အနေနဲ့တိုင်းဒေသကြီးနဲ့ ပြည်နယ် အသီးသီးမှာရှိတဲ့ မြို့နယ်အသီးသီးမှာ လက်ရှိအခြေအနေမှာ ခွင့်ပြုဘဏ္ဍာငွေအရ ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးတဲ့အခြေအနေဖြစ်ပါတယ်။ လာမယ့်ကာလများမှာ နိုင်ငံတကာ အဖွဲ့အစည်းတွေရဲ့ အထောက်အပံ့အကူအညီ သို့မဟုတ် ပြည်ထောင်စုရန်ပုံငွေ သို့မဟုတ် တိုင်းဒေသကြီး၊ ပြည်နယ် ရန်ပုံငွေများ သုံးစွဲခွင့်ရရှိမှုနဲ့အတူ စိစစ်ရွေးချယ် အကောင်အထည်ဖော် စီမံဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအား ပြန်လည် ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်း လာရောက်ဖြေကြားပေးတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး မိမိအစီအစဥ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော တာတမံဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဥ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တာတမံဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော တာတမံဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၇။**

**ဦးဆန်းမြင့် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးဆန်းမြင့် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ တာတမံဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်းမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏<br>တာတမံဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၇-၂၃၈
ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၂ ရက်

၁။ ပြည်သူ့လွှတ်တော်က တာတမံဥပဒေကြမ်းကို ၃၀-၅-၂၀၁၇ တွင် ပြင်ဆင်ချက်များဖြင့် သဘောတူအတည်ပြုပြီး အမျိုးသားလွှတ်တော်မှာ ဆွေးနွေးနိုင်ရန်အတွက် ၃၁-၅-၂၀၁၇ ရက်နေ့မှာ ပေးပို့လာပါသည်။ ဤဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင် ပညာရှင်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၈-၆-၂၀၁၇ ရက်နေ့မှာ တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ တာတမံဥပဒေကြမ်းကို လေ့လာစိစစ်ရာမှာ အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါတယ်-

(က) အဓိပ္ပာယ် ပိုမိုပြည့်စုံမှုရှိစေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့ ဥပဒေကြမ်း အပိုဒ် ၂၊ အပိုဒ်ခွဲ(က) တွင် ဖော်ပြထားသော ထိန်းညှိရန် သို့မဟုတ် ထိန်းသိမ်းရန် တည်ဆောက်ထားသည့် မြေသားနံရံ ဟူသည့် စကားရပ်အစား ထိန်းညှိရန် သို့မဟုတ် ထိန်းသိမ်းရန် တည်ဆောက်ထားသည့် တာတမံ၊ မြေသားနံရံ ဟူသည့် စကားရပ်ဖြင့် ပြင်ဆင်ဖြည့်စွက်သင့်ကြောင်းနှင့် အပိုဒ် ၂၊ အပိုဒ်ခွဲ(က) ရဲ့ နောက်မှာ အပိုဒ်ခွဲ(ခ)အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ် -

(ခ) တာတမံ နယ်နိမိတ် ဆိုသည်မှာ ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနက တာတမံ အလိုက် အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်ထုတ်ပြန်သည့် နယ်နိမိတ်ကို ဆိုသည်

(ခ) အရေးအသား မှန်ကန်မှုရှိစေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့ ဥပဒေကြမ်း အပိုဒ် ၂၆ မှာ ဖော်ပြထားသော မည်သူမျှ တာတမံပေါ်တွင် ခွင့်ပြု ချက်မရှိဘဲ ဟူသည့်စကားရပ်အစား မည်သူမျှ ခွင့်ပြုချက်မရှိဘဲ တာတမံပေါ်တွင် ဟူသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၈ တွင်ပါရှိသော ထိုသူကို အနည်းဆုံး ထောင်ဒဏ်ခြောက်လမှ အများဆုံးထောင်ဒဏ်နှစ်နှစ်ထိ ချမှတ်ရမည့်အပြင် ဟူသည့် စကားရပ်အစား ထိုသူကို အများဆုံး ထောင်ဒဏ်နှစ်နှစ်ထိ ချမှတ်ရမည့်အပြင် ဟူသည့် စကားရပ်ဖြင့် အစားထိုးပြင်ဆင်သင့်ကြောင်း ညှိနှိုင်းသဘောတူညီမှု ရရှိခဲ့ပါတယ်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ ဒါကြောင့် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် တာတမံဥပဒေကြမ်းအပေါ် ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ် ညှိနှိုင်းဆွေးနွေးပြီး ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်လို့ အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက် နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အားလုံးကို ကျေးဇူးတင်ပါတယ်။**

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တာတမံ ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တာတမံဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၂၁-၆-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကိုပြန်လည် ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ။**　　။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကိုကော်မတီက ပြန်လည်ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၃။**

**ဒေါ်နန်းနီနီအေး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။**　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဒေါ်နန်းနီနီအေး ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို လွှတ်တော်ကို ဖတ်ကြားတင်သွင်းမှာ ဖြစ်ပါတယ်ရှင်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်းအပေါ်**
**စိစစ်တင်ပြခြင်း အစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၇ -၂၃၇
ရက်စွဲ၊　၂၀၁၇ ခုနှစ်၊ ဇွန်လ　၁၂　ရက်

၁။　　ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်းအပေါ် ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ၈-၃-၂၀၁၇ ရက်နေ့မှာ အမျိုးသားလွှတ်တော် အစည်းအဝေးသို့ တင်သွင်းခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ) ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)က ၂၂-၅-၂၀၁၇ ရက်နေ့မှာ အကြံပြုဆွေးနွေးခဲ့ပါတယ်။ အဆိုပါ အကြံပြုဆွေးနွေးချက်နှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ အကြံပြုဆွေးနွေးခဲ့တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေ

ရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နှင့်၂၉-၅-၂၀၁၇ ရက်နေ့နှင့် ၇-၆-၂၀၁၇ ရက်နေ့တို့မှာ ဆွေးနွေးညှိနှိုင်းခဲ့ကြပါတယ်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်းကို ထပ်မံလေ့လာစိစစ်ရာမှာ အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါတယ်-

(က) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၂၊ အပိုဒ်ခွဲ(တ)၏ အောက်တွင် အပိုဒ်ခွဲ(ထ) နှင့် (ဒ) အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ် -

**(ထ) စစ်ဆေးရေးအရာရှိ ဆိုသည်မှာ ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်သည့် နေရာတစ်ခုခုကို စစ်ဆေးရန်နှင့် ထိုနေရာတွင် တွေ့ရှိသည့် ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို နမူနာယူပြီး စမ်းသပ်ရေးအရာရှိထံသို့ ပေးပို့ရန်အတွက် ဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာထုတ်ပြန်၍ တာဝန်ပေးအပ်ထားသောအဖွဲ့ကို ဦးဆောင်သည့် ရေနံလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူအရာရှိ ကို ဆိုသည်။**

(ဒ) စမ်းသပ်ရေးအရာရှိ ဆိုသည်မှာ ရေနံနှင့် ရေနံထွက်ပစ္စည်းများကို အရည်အသွေး စမ်းသပ်ရန်အတွက် ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ တာဝန်ပေးအပ်ထားသော ရေနံနှင့် ရေနံထွက်ပစ္စည်း၊ အရည်အသွေး စမ်းသပ်ခြင်းဆိုင်ရာ ကျွမ်းကျင်သူ၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးကိုဆိုသည်။

(ခ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းအပိုဒ် ၃၊ အပိုဒ်ခွဲ(ခ)၏အောက်တွင် အပိုဒ် ၃၊ အပိုဒ်ခွဲ(ဂ) အဖြစ် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန်နှင့် ပွင့်လင်းမြင်သာမှုရှိသော နည်းလမ်းများကို ကျင့်သုံးလိုက်နာ ဆောင်ရွက်စေရန်ဟု လည်းကောင်း၊ အပိုဒ် ၃၊ အပိုဒ်ခွဲ(င) ကို အပိုဒ်ခွဲ(စ) အဖြစ် ပြောင်းလဲအမှတ်စဉ်၍ ယင်း၏အောက်တွင် အပိုဒ်ခွဲ(ဆ) အဖြစ် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့် ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်နိုင်ရန် ဟု လည်းကောင်း၊ အပိုဒ် ၅၊ အပိုဒ်ခွဲ(ခ) ကို အပိုဒ် ၆၊ အပိုဒ်ခွဲ(ခ) အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်း၏အောက်တွင် အပိုဒ်ခွဲ(ဂ) အဖြစ် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းလုပ်ကိုင်သူများ လုပ်ငန်းဆောင်ရွက်ရာတွင် လွယ်ကူမြန်ဆန်မှု ရှိစေရန်အတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခြင်း ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီး အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

(ဂ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းအပိုဒ် ၁၀၊ အပိုဒ်ခွဲ(ခ) ကို အပိုဒ် ၁၁၊ အပိုဒ်ခွဲ(ခ)အဖြစ် ပြောင်းလဲအမှတ်စဥ်ပြီး ယင်းတွင် ဖော်ပြထားသော သယ်ဆောင်သည့် မော်တော်ယာဥ်၊ ရေယာဥ်နှင့်တွဲများအတွက် သယ်ယူခွင့် သယ်ယူမိန့် ဆိုသည့် စကားရပ်အစား သယ်ဆောင်ခြင်းအတွက် မော်တော်ယာဥ်၊ ရေယာဥ်နှင့်တွဲများဖြင့် သယ်ယူခွင့် ခွင့်ပြုမိန့် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၁၀၊ အပိုဒ်ခွဲ(င)ကို အပိုဒ် ၁၁၊ အပိုဒ်ခွဲ(င)အဖြစ် ပြောင်းလဲအမှတ်စဥ်ပြီး ယင်းတွင် ဖော်ပြထားသော မော်တော်ယာဥ်၊ ရေယာဥ်များရှိ သိုလှောင်ကန်များ၏ စံချိန်စံညွှန်းအရည်အသွေးနှင့် သက်ဆိုင်သည့် လုပ်ထုံးလုပ်နည်းများ၊ စည်းကမ်းချက်များ သတ်မှတ်ခြင်း ဆိုသည့် စကားရပ်အစား မော်တော်ယာဥ်၊ ရေယာဥ်တွဲများရှိ သိုလှောင်ကန်များ၏ စံချိန်စံညွှန်း အရည်အသွေးနှင့်သက်ဆိုင်သည့် လုပ်ထုံးလုပ်နည်းများ၊ စည်းကမ်းချက်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းသတ်မှတ်ခြင်း ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၉ ကို အပိုဒ် ၂၀ အဖြစ် ပြောင်းလဲအမှတ်စဥ်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ မိမိဝန်ကြီးဌာန၏ ရေနံလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူ အရာရှိတစ်ဦးဦးကိုဖြစ်စေ၊ ဝန်ကြီးဌာနမှ ရေနံနှင့် ရေနံထွက်ပစ္စည်း အရည်အသွေး စမ်းသပ်ခြင်းအတွက် လိုင်စင် ထုတ်ပေးထားသော အခြားအဖွဲ့အစည်း တစ်ခုခုကို ဖြစ်စေ၊ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်းပြုလုပ်မည့် ရေနံနှင့် ရေနံထွက်ပစ္စည်းကို သတ်မှတ်ချက်များနှင့်အညီ နမူနာရယူပြီး စမ်းသပ်ရေး အရာရှိ ထံသို့ ပေးပို့၍ စမ်းသပ်စစ်ဆေးစေရမည်ဟုလည်းကောင်း၊ အပိုဒ်၂၀ကို အပိုဒ်၂၁ အဖြစ် ပြောင်းလဲအမှတ်စဥ်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ မိမိဝန်ကြီးဌာန၏ ရေနံလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူ အရာရှိတစ်ဦးက စစ်ဆေးရေးအရာရှိအဖြစ် ဦးဆောင်သည့် အဖွဲ့အား ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်သည့်နေရာတစ်ခုခုကို ဝင်ရောက်စစ်ဆေးရန်နှင့် ထိုနေရာတွင် တွေ့ရှိသည့် ရေနံနှင့်ရေနံထွက်ပစ္စည်း တစ်မျိုးမျိုးကို နမူနာယူပြီး စမ်းသပ်ရေးအရာရှိထံသို့ ပေးပို့၍ စမ်းသပ်စစ်ဆေးစေ နိုင်သည် ဟုလည်းကောင်း အသီးသီးအစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရ ပါတယ်။

(ဃ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၂၂ ခြေဆင်းကို အပိုဒ် ၂၄ ခြေဆင်းအဖြစ် ပြောင်းလဲအမှတ်စဥ်ပြီး ယင်းတွင် ဖော်ပြထားသော စမ်းသပ်သည့် အရာရှိ သို့မဟုတ် အဖွဲ့အစည်းသည် ဆိုသည့် စကားရပ်ကို စမ်းသပ်ရေးအရာရှိ သို့မဟုတ် စမ်းသပ်ခြင်း လိုင်စင်ရအဖွဲ့အစည်းသည် ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၂၉၊ အပိုဒ်ခွဲ(က) ကို အပိုဒ် ၃၀၊ အပိုဒ်ခွဲ(က) အဖြစ် ပြောင်းလဲအမှတ်စဥ်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား ရေနံနှင့် ရေနံထွက်ပစ္စည်း စမ်းသပ်မှုနှင့်စပ်လျဥ်းသည့် လုပ်ထုံးလုပ်နည်းများ၊ စည်းမျဥ်းနှင့် စည်းကမ်း

များ သတ်မှတ်ခြင်း ဟု လည်းကောင်း၊ အပိုဒ် ၂၉၊ အပိုဒ်ခွဲ(ဂ) ကို အပိုဒ် ၃၀၊ အပိုဒ်ခွဲ(ဂ) အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား လိုင်စင်ရ အဖွဲ့အစည်းတစ်ခုခု၏ ရေနံနှင့် ရေနံထွက်ပစ္စည်းနှင့် ပတ်သက်၍ စမ်းသပ်သည့် အရည်အသွေး ရလဒ်အပေါ်လိုအပ်ပါက ပြန်လည်စစ်ဆေးရန် စည်းမျဉ်းနှင့် စည်းကမ်းများ သတ်မှတ်ခြင်း ဟု လည်းကောင်း အသီးသီးအစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

(င) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းအပိုဒ် ၄၁ ကို အပိုဒ် ၄၂ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား ဝန်ကြီးဌာနသည် ရေနံနှင့် ရေနံထွက်ပစ္စည်း လုပ်ငန်းဆောင်ရွက်ရန်အတွက် အနည်းဆုံးရှိရမည့် ဧရိယာအကျယ်အဝန်းနှင့် အကွာအဝေးကို သတ်မှတ်ပေးရမည်။ မည်သူမဆို ယင်းသတ်မှတ်ပေးထားသည့် နယ်နိမိတ်အတွင်း မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရန် သတ်မှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာရမည်ဟု အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

(စ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းအပိုဒ် ၅၊ အပိုဒ်ခွဲ(င)နှင့် အပိုဒ် ၂၉၊ အပိုဒ်ခွဲ(င)တို့ကို မလိုအပ်၍ ပယ်ဖျက်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

၃။ မြန်မာစာအရေးအသား မှန်ကန်မှုရှိစေရန်အတွက်လည်းကောင်း၊ ဥပဒေရေးထုံး မှန်ကန်မှုရှိစေရန်အတွက်နှင့် ပြောင်းလဲသွားတဲ့ အမှတ်စဉ်များကိုလည်း တစ်ပါတည်း ပြင်ဆင်ဖြည့်စွက်ပြီး ပြင်ဆင်ချက် အပြည့်အစုံကို နောက်ဆက်တွဲ ကန့်လန့်ဖြတ်ဇယားနှင့် ပူးတွဲတင်ပြအပ်ပါတယ်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၄။ ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီ၏ ဖွဲ့စည်းပုံသည် ပြည့်စုံလုံလောက်မှုရှိပြီး ဖြစ်ကြောင်းနှင့် ယခု ဥပဒေကြမ်းသည် ရေနံနှင့် ရေနံထွက်ပစ္စည်းများ တူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများအတွက် ရည်ရွယ်ပြဋ္ဌာန်းခြင်း မဟုတ်ဘဲ ဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းများကို စီမံခန့်ခွဲကြီးကြပ်နိုင်ရန် ပြဋ္ဌာန်းထားသည့် ဥပဒေတစ်ရပ် ဖြစ်သည့်အတွက် ယင်းကိစ္စများနှင့် စပ်လျဉ်းသည့် အဆိုပြုပြဋ္ဌာန်းချက်များသည် ပြည့်စုံမှုရှိပြီးဖြစ်ကြောင်း ဥပဒေကြမ်းကော်မတီက သဘောထားရရှိပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ) ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)ရဲ့ အကြံပြုဆွေးနွေးခဲ့တဲ့ အပိုဒ် ၄၊ ပြင်ဆင်ချက်၊ အပိုဒ် ၅ နှင့် အပိုဒ် ၅၀ အဖြစ် အသစ်ဖြည့်စွက်ချက်တို့ကို လွှတ်တော်၏ အဆုံးအဖြတ် ရယူဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

၅။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ တင်ပြခဲ့ပြီးဖြစ်သော ပြင်ဆင်ချက်များနှင့်အတူ ယခုထပ်မံတင်ပြသည့် ပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါတယ်ရှင်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် (၂၀)ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၀း၅၅ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၁၅ နာရီအချိန်တွင်ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၁၅။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြုပြီး ပေးပို့လာသော ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၁း၁၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် (၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်းကို လွှတ်တော်၏ အဆုံးအဖြတ် ရယူ၍ အတည်ပြုဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်ရှိသော အပိုဒ်များကို တစ်ပိုဒ်ချင်းစီအလိုက် တင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များကို ဥပဒေကြမ်းရဲ့ ခေါင်းစဉ် ပြင်ဆင်ချက်ကနေပြီးတော့ စတင်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား ကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာမြတ်ဉာဏစိုး ကနေ တင်သွင်းသွားမှာ ဖြစ်ပါတယ်။

ဥပဒေကြမ်း ကော်မတီရဲ့ ခေါင်းစဉ်ပြင်ဆင်ချက်ဖြစ်ပါတယ်။

**ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေ**
**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**
**၁၃၇၉ ခုနှစ်၊ လ ရက်**
**( ၂၀၁၇ ခုနှစ်၊ လ ရက် )**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။**

**ဒီခေါင်းစဉ် ပြင်ဆင်ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။**

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်း ခေါင်းစဉ်ပြင်ဆင်ချက်အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် ဥပဒေကြမ်းခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဆက်လက်ပြီးတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အသစ်ဖြည့်စွက်ချက်ဖြစ်တဲ့ အပိုဒ် ၂၊ အပိုဒ်ခွဲ(ထ)နဲ့ (ဒ) တို့ကို တင်ပြမှာ ဖြစ်ပါတယ်။

၂။ (ထ) စစ်ဆေးရေးအရာရှိ ဆိုသည်မှာ ရေနံနှင့် ရေနံထွက်လုပ်ငန်း ဆောင်ရွက်သည့် နေရာတစ်ခုခုကို စစ်ဆေးရန်နှင့် ထိုနေရာတွင်တွေ့ရှိသည့် ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို နမူနာယူပြီး စမ်းသပ်ရေးအရာရှိထံသို့ ပေးပို့ရန်အတွက် ဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ တာဝန်ပေးအပ်ထားသော အဖွဲ့ကို ဦးဆောင်သည့် ရေနံလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူအရာရှိကို ဆိုသည်။

(ဒ) စမ်းသပ်ရေးအရာရှိ ဆိုသည်မှာ ရေနံနှင့် ရေနံထွက်ပစ္စည်းများကို အရည်အသွေး စမ်းသပ်ရန်အတွက် ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ တာဝန်ပေးအပ်ထားသော ရေနံနှင့် ရေနံထွက်ပစ္စည်း၊ အရည်အသွေး စမ်းသပ်ခြင်းဆိုင်ရာ ကျွမ်းကျင်သူ၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးကိုဆိုသည်။

ဒီအသစ်ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂ (ထ)(ဒ) ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂ (ထ)(ဒ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ အပိုဒ် ၃၊ အပိုဒ်ခွဲ (ဂ)(ဆ) အသစ်ဖြည့်စွက်ချက်များ ဖြစ်ပါတယ်။

၃။ (ဂ) ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် တာဝန်ယူမှု၊ တာဝန်ခံမှု ရှိစေရန်နှင့် ပွင့်လင်းမြင်သာမှုရှိသော နည်းလမ်းများကို ကျင့်သုံးလိုက်နာဆောင်ရွက်စေရန်၊

(ဆ) ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းများကိုဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့် ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်နိုင်စေရန်။

ဒီအသစ်ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃ (ဂ)(ဆ) ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃ (ဂ)(ဆ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းရဲ့ အပိုဒ် ၄ နဲ့စပ်လျဉ်းပြီးတော့ တင်ပြသွားမှာ ဖြစ်ပါတယ်။ ဒီ အပိုဒ် ၄ ကိုတော့ ပြင်ဆင်လိုကြောင်း ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး (ခ)သန်းစိုး(ဘောဂဗေဒ) ကနေတင်ပြထားပါတယ်။

ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီကတော့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းပဲ ဆက်လက်အတည်ပြုသင့်ပါကြောင်း လွှတ်တော်သို့ တင်ပြပါတယ်။

ဒီအတွက် လွှတ်တော်ရဲ့အဆုံးအဖြတ် ရယူဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ ပန်ကြား တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကိုမူတည်ပြီး စက်ခလုတ် အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုကြောင်း ဆုံးဖြတ်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၁၇၂)မဲ၊ ကန့်ကွက်မဲ(၁၇)မဲ၊ ကြားနေမဲ(၅)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့ အပိုဒ် ၅ ကိုလည်း ဦးသန်းစိုး ကနေပြီး အသစ်ဖြည့်စွက်လိုကြောင်း တင်ပြထားပါတယ်။ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီအနေနဲ့ကတော့ မနက်ကတင်ပြသွားခဲ့တဲ့ အစီရင်ခံစာထဲမှာလည်း ဖော်ပြထားပြီး ဖြစ်ပါတယ်။

အဆိုပြုပြင်ဆင်ချက်တွေဟာ လုံလောက်ပြီးဖြစ်တဲ့အတွက်ကြောင့်မို့လို့ အသစ်ဖြည့်စွက်ရန် မလိုအပ်ကြောင်း တင်ပြအပ်ပါတယ်။

ဒီအတွက် ဒီအပိုဒ် ၅ အသစ်ဖြည့်စွက်ချက်ကိုလည်း လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ ပန်ကြားတင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။　　　။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို မူတည်ပြီး စက်ခလုတ် အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုကြောင်း ဆုံးဖြတ်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၁၇၁) မဲ၊ ကန့်ကွက်မဲ (၁၇) မဲ၊ ကြားနေမဲ (၆) မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**ဒေါက်တာမြတ်ဥာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။　　　။ ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အသစ်ဖြည့်စွက်ချက်ဖြစ်တဲ့ အပိုဒ် ၆၊ အပိုဒ်ခွဲ(ဂ) ကို တင်ပြပါမယ်။

၃။　　(ဂ)　ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းလုပ်ကိုင်သူများလုပ်ငန်းဆောင်ရွက်ရာတွင် လွယ်ကူမြန်ဆန်မှု ရှိစေရန်အတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

ဒီအသစ်ဖြည့်စွက်ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန်တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။　　　။ ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၆ (ဂ) ဖြည့်စွက်ချက် အတည် ဖြစ်သည်။ ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၆ (ဂ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဥာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။　။အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များကို ဆက်လက်တင်ပြပါမယ်။ အပိုဒ် ၁၀ ခြေဆင်း၊

၁၀။　ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့် စပ်လျဉ်းသည့် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည် -

၁၁။ (ခ) ရေနံနှင့် ရေနံထွက်ပစ္စည်း တစ်မျိုးမျိုးကို သယ်ဆောင်ခြင်းအတွက် မော်တော်ယာဉ်၊ ရေယာဉ် နှင့် တွဲများဖြင့် သယ်ယူခွင့် ခွင့်ပြုမိန့်ကို ထုတ်ပေးခြင်း၊

(င) သိုလှောင်ကန်နှင့် သိုလှောင်ရုံများ၊ ရေနံနှင့် ရေနံထွက်ပစ္စည်း တစ်မျိုးမျိုးကို သယ်ဆောင်သည့် မော်တော်ယာဉ်၊ ရေယာဉ်တွဲများရှိ သိုလှောင်ကန်များ၏ စံချိန်စံညွှန်း အရည်အသွေးနှင့် သက်ဆိုင်သည့် လုပ်ထုံးလုပ်နည်းများ၊ စည်းကမ်းချက်များကို သက်ဆိုင်ရာဝန်ကြီးဌာန များနှင့် ညှိနှိုင်းသတ်မှတ်ခြင်း။

ဒီပြင်ဆင်ချက်များကိုလွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၀ ခြေဆင်း၊ အပိုဒ် ၁၁(ခ)(င) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၀ ခြေဆင်း၊ အပိုဒ် ၁၁(ခ)(င)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များကို ဆက်လက်တင်ပြပါမယ်။

၂၀။ ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ မိမိဝန်ကြီးဌာန၏ ရေနံလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူ အရာရှိတစ်ဦးဦးကိုဖြစ်စေ၊ ဝန်ကြီးဌာနမှ ရေနံနှင့် ရေနံထွက်ပစ္စည်း အရည်အသွေး စမ်းသပ်ခြင်းအတွက် လိုင်စင်ထုတ်ပေးထားသောအခြားအဖွဲ့အစည်းတစ်ခုခုကိုဖြစ်စေ၊ ပြည်တွင်း သို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်းပြုလုပ်မည့် ရေနံနှင့်ရေနံထွက်ပစ္စည်းကို သတ်မှတ်ချက် များနှင့်အညီ နမူနာရယူပြီး စမ်းသပ်ရေး အရာရှိထံ ပေးပို့၍စမ်းသပ်စစ်ဆေးစေရမည်။

၂၁။ ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ မိမိဝန်ကြီးဌာန၏ ရေနံလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူ အရာရှိတစ်ဦးက စစ်ဆေးရေးအရာရှိအဖြစ် ဦးဆောင်သည့်အဖွဲ့အားရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်သည့် နေရာတစ်ခုခုကို ဝင်ရောက်စစ်ဆေးရန်နှင့် ထိုနေရာတွင် တွေ့ရှိသည့် ရေနံနှင့် ရေနံထွက်ပစ္စည်း တစ်မျိုးမျိုးကို နမူနာယူပြီး စမ်းသပ်ရေးအရာရှိထံသို့ ပေးပို့၍ စမ်းသပ်စစ်ဆေးစေနိုင်သည်။

၂၂။ (ခ) စမ်းသပ်ရန် နမူနာရယူခြင်းအတွက် ကျသင့်စရိတ်နှင့် ငွေပေးချေရမည့် နည်းလမ်းကို သတ်မှတ်ခြင်း၊

၂၃။ ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ မိမိဝန်ကြီးဌာန၏ အရည်အသွေးဆိုင်ရာ ကျွမ်းကျင်သူ အရာရှိတစ်ဦးဦးကိုဖြစ်စေ၊ စမ်းသပ်ခြင်းလိုင်စင်ရ အဖွဲ့အစည်းတစ်ခုခုကိုဖြစ်စေ ရေနံနှင့် ရေနံထွက်ပစ္စည်းကို စမ်းသပ်ရန်နှင့် ယင်းစမ်းသပ်မှုများ၏ ရလဒ်ကို သက်သေခံလက်မှတ် ထုတ်ပေးရန် စမ်းသပ်ရေး အရာရှိအဖြစ် လုပ်ပိုင်ခွင့်အပ်နှင်းနိုင်သည်။

ဒီပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၀၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂(ခ)၊ အပိုဒ် ၂၃ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၀၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂(ခ)၊ အပိုဒ် ၂၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်တွေ ဆက်လက်တင်ပြပါမယ်။ အပိုဒ် ၂၄ ရဲ့ ခြေဆင်းဖြစ်ပါတယ်။

၂၄။ စမ်းသပ်ရေးအရာရှိ သို့မဟုတ် စမ်းသပ်ခြင်း လိုင်စင်ရ အဖွဲ့အစည်းသည် ရေနံနှင့် ရေနံထွက်ပစ္စည်းများကို စမ်းသပ်စစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(ဂ) စမ်းသပ်ခြင်းအတွက် သတ်မှတ်ထားသည့် အဖိုးအခ ပေးသွင်းပါက စမ်းသပ်မှုကိရိယာဖြင့် စမ်းသပ်စစ်ဆေးပေးခြင်း။

၂၅။ စမ်းသပ်ခြင်းလိုင်စင်ရ အဖွဲ့အစည်းတစ်ခုခု၏ စမ်းသပ်ကိရိယာဖြင့် တိုင်းတာရရှိ ထားသော အချက်အလက်များကို ထပ်မံစမ်းသပ်စစ်ဆေးပေးရန်အတွက် ဝန်ကြီးဌာနသို့တင်ပြလာပါက သတ်မှတ်ထားသော စမ်းသပ်ခ ပေးသွင်းစေပြီး စမ်းသပ်မှုကိရိယာများဖြင့် စမ်းသပ်၍ ရရှိလာသည့် အချက်အလက်များကို စံသတ်မှတ်ချက်များနှင့် နှိုင်းယှဉ်ဖော်ပြပေးရမည်။

၂၆။ (က) ရေနံနှင့်ရေနံထွက်ပစ္စည်း နမူနာများကို စမ်းသပ်ပြီးနောက် သတ်မှတ်ထားသည့် ပုံစံတွင် သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီမှု ရှိ/မရှိ ဖော်ပြသည့် စမ်းသပ်မှုသက်သေခံ လက်မှတ် ထုတ်ပေးရမည်။

၂၇။ စမ်းသပ်ရေးအရာရှိ၏ စမ်းသပ်မှုရလဒ်ကို ကျေနပ်မှုမရှိသော ပိုင်ရှင် သို့မဟုတ် ယင်း၏ ကိုယ်စားလှယ်သည် ယင်းရလဒ်ကို ရရှိသည့် နေ့ရက်မှစ၍ ခုနစ်ရက်အတွင်း နမူနာအသစ် ထပ်မံယူ၍ စမ်းသပ်ပေးရန် ဝန်ကြီးဌာနသို့ လျှောက်ထားနိုင်သည်။

ဒီပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၄ ခြေဆင်း၊ အပိုဒ် ၂၄ (ဂ)၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆(က)၊ အပိုဒ် ၂၇ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၄ ခြေဆင်း၊ အပိုဒ် ၂၄ (ဂ)၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆(က)၊ အပိုဒ် ၂၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ဥပဒေကြမ်း ကော်မတီရဲ့ ပြင်ဆင်ချက်များ ဖြစ်ပါတယ်။

၂၈။ ပုဒ်မ ၂၇ အရလျှောက်ထားပါက သတ်မှတ်ထားသော အခကြေးငွေကို ပေးသွင်းစေ၍ ပုဒ်မ ၂၀ အရ တာဝန်ပေးအပ်ခြင်းခံရသည့် အရာရှိ သို့မဟုတ် အဖွဲ့အစည်းသည် ပိုင်ရှင် သို့မဟုတ် ယင်း၏ ကိုယ်စားလှယ်ရှေ့မှောက်တွင် နမူနာအသစ်များကို ရယူစေ၍ စမ်းသပ်ရေးအရာရှိထံ ထပ်မံပေးပို့ စမ်းသပ်စေရမည်။

၂၉။ ပုဒ်မ ၂၈ နှင့်အညီ ထပ်မံစမ်းသပ်ချက်အရ မူလစမ်းသပ်မှုသည် မှားယွင်းကြောင်း ပေါ်ပေါက်လျှင် စမ်းသပ်ရေးအရာရှိသည် ပုဒ်မ ၂၆၊ ပုဒ်မခွဲ(က) အရ ယခင် ထုတ်ပေးထားသော မူလသက်သေခံလက်မှတ်ကို ပယ်ဖျက်၍ သက်သေခံလက်မှတ် အသစ်ထုတ်ပေးရမည်။ ထို့ပြင် ပိုင်ရှင် သို့မဟုတ် ယင်း၏ကိုယ်စားလှယ်ကို သက်သေခံလက်မှတ်၏တာဝန်ခံမိတ္တူမှန်ကို အခမဲ့ ထုတ်ပေးရမည်။

၃၀။ (က) ရေနံနှင့် ရေနံထွက်ပစ္စည်း စမ်းသပ်မှုနှင့် စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ သတ်မှတ်ခြင်း၊

(ဂ) လိုင်စင်ရ အဖွဲ့အစည်းတစ်ခုခု၏ ရေနံနှင့်ရေနံထွက်ပစ္စည်းနှင့်ပတ်သက်၍ စမ်းသပ်သည့် အရည်အသွေး ရလဒ်အပေါ် လိုအပ်ပါက ပြန်လည်စစ်ဆေးရန် စည်းမျဉ်းနှင့် စည်းကမ်းများ သတ်မှတ်ခြင်း၊

ဒီပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၈၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀(က)(ဂ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၈၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀(က)(ဂ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီ ရဲ့ ပြင်ဆင်ချက်များကို ဆက်လက်တင်ပြပါမယ်။

၃၈။ မည်သူမဆို ပုဒ်မ ၃၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံးကျပ်သိန်း ၅၀ အထိ ဖြစ်စေ၊ ထောင်ဒဏ် တစ်နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည့်အပြင် ပြစ်မှုကျူးလွန်ခြင်း နှင့် သက်ဆိုင်သော ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၃၉။ မည်သူမဆိုပုဒ်မ ၃၈ အရ ပြစ်ဒဏ်စီရင်ခံရပြီးနောက်၊ ထိုပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်ဒဏ်စီရင်ခံရလျှင် ထိုသူသည် အနည်းဆုံး ဒဏ်ငွေ ကျပ်တစ်ဆယ်သိန်းမှ အများဆုံးဒဏ်ငွေ ကျပ်သိန်း ၁၀၀ အထိဖြစ်စေ၊ ထောင်ဒဏ်နှစ်နှစ်အထိဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်စလုံး ဖြစ်စေ ချမှတ် ခြင်းခံရမည့် အပြင် ပြစ်မှုကျူးလွန်ခြင်းနှင့် သက်ဆိုင်သော ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း ခံရမည်။

၄၀။ ခြေဆင်း၊ လိုင်စင်ရရှိသူ မည်သူမဆို -

၄၁။ မည်သူမဆို ပုဒ်မ ၃၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ် အနည်းဆုံး ကျပ်ငါးသိန်း မှ အများဆုံးကျပ်သိန်း ၅၀ အထိ ချမှတ်ခြင်း ခံရမည်။

ဒီပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃၈၊ အပိုဒ် ၃၉၊ အပိုဒ် ၄၀ ခြေဆင်း၊ အပိုဒ် ၄၁ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၈၊ အပိုဒ် ၃၉၊ အပိုဒ် ၄၀ ခြေဆင်း၊အပိုဒ် ၄၁သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ညာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များ ဖြစ်ပါတယ်။

၄၂။ ဝန်ကြီးဌာနသည် ရေနံနှင့် ရေနံထွက်ပစ္စည်း လုပ်ငန်းဆောင်ရွက်ရန်အတွက် အနည်းဆုံး ရှိရမည့် ဧရိယာအကျယ်အဝန်းနှင့် အကွာအဝေးကို သတ်မှတ်ပေးရမည်။ မည်သူမဆို ယင်းသတ်မှတ်ပေးထားသည့် နယ်နိမိတ်အတွင်း မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရန် သတ်မှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာရမည်။

၄၃။ တရားရုံးသည် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရရှိသည့် သက်သေခံပစ္စည်းများအား ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ လွှဲပြောင်းပေးရမည်။

ဒီပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄၂၊ အပိုဒ် ၄၃ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄၂၊ အပိုဒ် ၄၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ) ကနေပြီးတော့ ဒီ ဥပဒေကြမ်းမှာ အပိုဒ် ၅၀ အသစ် ဖြည့်စွက်လို ကြောင်း တင်ပြထားပါတယ်။

ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအနေနဲ့ကတော့ ပြည်ထောင်စု အစိုးရအဖွဲ့ရဲ့ သဘောတူညီမှုနှင့်အညီ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ပေးပို့တင်ပြလာတဲ့ မူလ အဆိုပြုချက်များဟာ လုံလောက်ပြီး ဖြစ်တဲ့အတွက်ကြောင့်မို့လို့ အသစ် ဖြည့်စွက်ရန် မလိုအပ်ကြောင်း လွှတ်တော်ကို လေးစားစွာ တင်ပြအပ်ပါတယ်။

ဒီအတွက်ကြောင့်မို့လို့ ဒီအချက်ကိုလည်း လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူဆောင်ရွက်ပေး ပါရန် လေးစားစွာ ပန်ကြားတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို မူတည်ပြီး စက်ခလုတ် အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည် ပြုကြောင်း ဆုံးဖြတ်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၁၇၀)မဲ၊ ကန့်ကွက်မဲ (၂၂)မဲ၊ ကြားနေမဲ (၃)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၅၊ အပိုဒ်ခွဲ(င)၊ အပိုဒ် ၂၉၊ အပိုဒ်ခွဲ(င) တို့ကိုတော့ လိုအပ်ခြင်းမရှိတဲ့ အတွက်ကြောင့်မို့လို့ အမျိုးသားလွှတ်တော် က ပယ်ဖျက် ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။

**ဒေါက်တာမြတ်ညာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရ ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက် အတည်ပြုသင့်တဲ့ အပိုဒ်များကို တင်ပြပါမယ်။

အခန်း(၁)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၊ အပိုဒ် ၂ ခြေဆင်း၊ အပိုဒ် ၂ (က)မှ(တ)အထိ၊

အခန်း(၂)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃ ခြေဆင်း၊ အပိုဒ် ၃ (က)(ခ)၊

အခန်း(၃)၊ အခန်းခေါင်းစဉ်၊

ပြောင်းလဲအမှတ်စဉ်ထားတဲ့ -

အခန်း(၁)၊ အပိုဒ် ၂ (ဓ)မှ (ဝ)အထိ၊

အခန်း(၂)၊ အပိုဒ် ၃ (ဃ)(င)(စ)၊

အခန်း(၃)၊ အပိုဒ် ၆ ခြေဆင်း၊ အပိုဒ် ၆ (က)(ခ)(ဃ)(င)(စ)(ဆ)၊ အပိုဒ် ၇၊

အခန်း(၄)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၈ ခြေဆင်း၊ အပိုဒ် ၈(က)မှ (ဃ)အထိ၊ အပိုဒ် ၉ခြေဆင်း၊ အပိုဒ် ၉ (က)မှ(ဍ) အထိ၊ အပိုဒ် ၁၀ (က)မှ(င)အထိ၊ အပိုဒ် ၁၁ ခြေဆင်း၊ အပိုဒ် ၁၁ (က)(ဂ)(ဃ)၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃ ခြေဆင်း၊ အပိုဒ် ၁၃ (က)မှ (ဃ)အထိ၊ အပိုဒ် ၁၄၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉၊

အခန်း(၅)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၂ ခြေဆင်း၊ အပိုဒ် ၂၂ (က)(ဂ)၊ အပိုဒ် ၂၄ (က)(ခ)၊ အပိုဒ် ၂၆ ခြေဆင်း၊ အပိုဒ် ၂၆ (ခ)၊ အပိုဒ် ၃၀ ခြေဆင်း၊ အပိုဒ် ၃၀ (ခ)(ဃ)၊

အခန်း(၆)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂ ခြေဆင်း၊ အပိုဒ် ၃၂ (က)မှ(င)၊ အပိုဒ် ၃၃၊ အပိုဒ် ၃၄၊

အခန်း(၇)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃၅ ခြေဆင်း၊ အပိုဒ် ၃၅ (က)မှ(ဃ)၊ အပိုဒ် ၃၆၊ အပိုဒ် ၃၇၊

အခန်း(၈)၊ အခန်းခေါင်းစဉ်၊အပိုဒ် ၄၀(က)(ခ)၊

အခန်း(၉)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၄၄၊ အပိုဒ် ၄၅၊ အပိုဒ် ၄၆၊ အပိုဒ် ၄၇၊ အပိုဒ် ၄၈၊ အပိုဒ် ၄၉၊ အပိုဒ် ၅၁၊ အပိုဒ် ၅၂၊ အပိုဒ် ၅၃၊ အပိုဒ် ၅၄၊ အပိုဒ် ၅၅ ခြေဆင်း၊ အပိုဒ် ၅၅ (က)(ခ)၊ အပိုဒ် ၅၆ နှင့်

အဆိုပြု ဥပဒေကြမ်းရဲ့ -

အပိုဒ် ၂(ဗ)၊ အပိုဒ် ၃(ဃ)၊အပိုဒ် ၄(ဃ)၊ အပိုဒ် ၅ ခြေဆင်း၊ အပိုဒ် ၆ ခြေဆင်း၊ အပိုဒ် ၇(က)ခြေဆင်း၊ အပိုဒ် ၇၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၂)၊ အပိုဒ် ၇(ခ)၊ အပိုဒ် ၉(ဂ)၊ အပိုဒ် ၁၀၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃ (က)(ခ)၊ အပိုဒ် ၁၆၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၁)(၂)၊ အပိုဒ် ၁၆(ခ)၊ အပိုဒ် ၁၈ (ဃ)(င)၊ အပိုဒ်

၁၉(ဂ)၊ အပိုဒ်ခွဲငယ်(၄)၊ အပိုဒ်၂၄(ဂ)၊အပိုဒ် ၂၆(က)မှ(စ)၊ အပိုဒ် ၂၇၊ ၃၂(က)၊ အပိုဒ်ခွဲငယ်(၁)(၂)(၃)(၄)(၅)၊ အပိုဒ်၃၃၊ အပိုဒ် ၄၁၊ အပိုဒ် ၄၂

ပယ်ဖျက်ချက်တို့ကို ကျွန်တော်တို့ အမျိုးသားလွှတ်တော် ကနေပြီးတော့ ပြင်ဆင်ဖြည့်စွက်ခြင်းများ မပြုဘဲနဲ့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ဆက်လက်အတည်ပြုထားရှိ ဆောင်ရွက်နိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၆)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၄၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၉ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ၁၁း၄၃ နာရီအချိန်တွင် ရပ်နားပါသည်။]